MAPCO

# MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်

Annual Report | 2016

MAPCO

# Myanmar Agribusiness Public Corporation Limited

Annual Report | ***2016***



# ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

## ခင်မင်လေးစားရပါသော အစုရှယ်ယာရှင်များနှင့် မိတ်ဆွေသင်္ဂဟများခင်ဗျား

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (**MAPCO**) ဖွဲ့စည်းတည်ထောင်ခြင်းသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် (၄)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ **MAPCO**အနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော မျှော်မှန်းချက်၊ ဦးတည်ချက်များအတိုင်း ရှေ့သို့ ချီတက် ခရီးဆက်လျက်ရှိပါသည်။ အစုရှယ်ယာရှင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်း မှုကိုအာမခံနိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်စေရန် ကျွန်တော်နှင့်ဒါရိုက်တာအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ **MAPCO** အနေဖြင့် ၂၀၁၅ – ၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သလို စိန်ခေါ်မှုများ၊ အခက်အခဲများနှင့်လည်းကြုံတွေ့ရင်ဆိုင်ခဲ့ရပါသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်ခဲ့သော အထွေထွေရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးရေးကာလမှ အစပြု၍ ရွေးကောက်ပွဲကျင်းပချိန်ဖြစ်သည့် နိုဝင်ဘာလအထိနှင့် ရွေးကောက်ပွဲအပြီး အစိုးရအသစ် ဖွဲ့စည်းချိန် ၂၀၁၆ ခုနှစ်၊ မတ်လနှောင်းပိုင်းအထိ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ဆောင်မှုများသည် နှေးကွေးခြင်း၊ ရပ်တံ့ နေခြင်းစသော အခက်အခဲများကို ကြုံတွေ့ခဲ့ရပါသည်။

၂။ ၂၀၁၆ နှစ်ဆန်းပိုင်းကာလတွင် အင်ဒိုနီးရှားနိုင်ငံ **Bulog** သို့ ဆန်တင်ပို့ရောင်းချမှုတွင် မိမိတို့နှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ နှစ်နိုင်ငံအစိုးရအကြား ဆောင်ရွက်ရမည့် အပင်ပိုးမွှားရောဂါနှင့်အစားအသောက်ပိုင်းဆိုင်ရာ ဓါတ်ခွဲစမ်းသပ်မှုနှင့်စစ်ဆေးတွေ့ရှိမှုလက်မှတ်ထုတ်ပေးခြင်းအစီအစဉ် ပြီးပြတ်မှုမရှိခဲ့၍ တင်ပို့လိုက်သောဆန်များ အင်ဒိုနီးရှားနိုင်ငံ ဆိပ်ကမ်းသို့ရောက်ချိန်တွင် ကုန်မချနိုင်ခြင်း၊ ငွေပေးချေမှုကိစ္စများ ကြန့်ကြာခြင်းစသော အခက်အခဲများကို ကြုံတွေ့ခဲ့ရပါသည်။ နှစ်နိုင်ငံအစိုးရများ၊ နှစ်ဖက်စီးပွားရေးလုပ်ဆောင်သည့် **Bulog** နှင့် **MAPCO** တို့အကြား မိတ်ဝတ်မပျက် ရေရှည်ဆက်ဆံနိုင်ရန်နှင့် ရေရှည်အခွင့်အလမ်းများကို ထောက်ရှု၍ ဒါရိုက်တာအဖွဲ့အနေဖြင့် ကိုယ်စွမ်းရှိသမျှ ညှိနှိုင်းကြိုးစားဖြေရှင်းခဲ့ပါသည်။ အဆိုပါကိစ္စသည် ယနေ့တိုင်ပြီးပြတ်ခြင်း မရှိသေးပဲ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ဆဲ အခြေအနေသာဖြစ်ကြောင်းကိုလည်း အသိပေးတင်ပြလိုပါသည်။

၃။ ၂၀၁၅ – ၁၆ ဘဏ္ဍာရေးနှစ်အတွင်း **MAPCO** အနေဖြင့် ပုံမှန်လုပ်ငန်းများဖြစ်သည့် ဆန်ပြည်ပတင်ပို့ခြင်း၊ စက်မှုလယ်ယာအငှားလိုက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ ဓါတ်မြေဩဇာသွင်းအားစုများတင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ကန်ထရိုက်လယ်ယာလုပ်ငန်းများဖြင့် တောင်သူလယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆန်စက်များ၊ အခြောက်ခံစက်များတည်ဆောက်တပ်ဆင်ခြင်းစသောလုပ်ငန်း များကို ယခင်နှစ်ကအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်းဝင်ငွေအနေဖြင့် ၂၀၁၄ – ၁၅ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက (၁၀) ရာခိုင်နှုန်းခန့် လျော့နည်းသွားသော်လည်း အကျိုးအမြတ်အနေဖြင့် ယခင်ဘဏ္ဍာနှစ်ကရရှိသော အကျိုးအမြတ်ထက် (၃၄) ရာခိုင်နှုန်း ပိုခဲ့ပါသည်။ ကုမ္ပဏီထူထောင်ပြီး (၄)နှစ်ကျော်ကြာကာလတွင် အကျိုးအမြတ်အားဖြင့် အနည်းငယ်သာရရှိနေသေးသော် လည်း ကုမ္ပဏီ၏ပိုင်ဆိုင်မှုနှင့် လုပ်ငန်းများရယူထားနိုင်မှုအပိုင်းတွင် အစုရှယ်ယာရှင်များအတွက် ရေရှည်အာမခံချက်၊ ရေရှည်အကျိုး ကျေးဇူးရနိုင်မှုကို ဆောင်ရွက်ပေးနိုင်သည့် အခြေအနေကောင်းများကို ဖန်တီးတည်ဆောက်ထားပြီးဖြစ်ပါ၍ အနာဂတ်တွင် ခိုင်မာသော ဝင်ငွေကိုတိုးအောင်ရရှိမှု၊ ပုံမှန်အကျိုးအမြတ်တိုးပွားမှုတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ ၂၀၁၂ – ၂၀၁၃ မှ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၅)နှစ်တာကာလသည် **MAPCO** ကို တည်ဆောက် ဖွဲ့စည်းပြီး အခြေခံအုတ်မြစ် ခိုင်မာစေရန် ဆောင်ရွက်ရမည့် **Foundation** ကာလဖြစ်ပါသည်။ ဤအချိန်ကာလအတွင်း လုပ်ငန်းများတည်ထောင်ခြင်း၊ အခြေခိုင်မာ စေရန်နှင့် ရေရှည်တည်တံ့အောင်မြင်စေရန် စီစဉ်ခြင်း၊ ဝန်ထမ်းများအား ပြုစုပျိုးထောင်လေ့ကျင့်ပြီး ရုံးစနစ်၊ အုပ်ချုပ်မှုစနစ်နှင့် **Good Corporate Governance** စနစ် တည်ထောင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ဒုတိယ(၅)နှစ်တာကာလတွင် လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်ပြီး ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် စဉ်ဆက်မပြတ် တိုးပွားရရှိစေမည့်အခြေအနေဖြစ်ပေါ်စေရန် ကျွန်တော် ဦးဆောင်သော ဒါရိုက်တာအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အစုရှယ်ယာရှင်များသိရှိစေရန်အတွက် လုပ်ငန်းပိုင်းဆိုင်ရာ အစီရင်ခံတင်ပြမှုနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဤစာအုပ်တွင် ဖော်ပြထား သလို **Website (www.mapco.com.mm)** တွင်လည်း ဖော်ပြထားပါသည်။ **MAPCO**၏ **Website** ကိုလည်း နိုင်ငံတကာအဆင့်မီစွာ စနစ်တကျပြင်ဆင်ထားပြီးဖြစ်၍ အစုရှယ်ယာရှင်များအနေဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီဖြစ်ပါသည်။ ကျွန်တော်၏ ဦးဆောင်မှု၊ အုပ်ချုပ်မှုဒါရိုက်တာ၏ စီမံခန့်ခွဲမှု၊ အမှုဆောင်ဒါရိုက်တာနှင့် ဒါရိုက်တာများ၏ ကြီးကြပ်မှု၊ ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှုတို့ဖြင့် **MAPCO** သည် မကြာမီကာလတွင် အောင်မြင်မှုများ၊ အကျိုးအမြတ်များ ပို၍ ရရှိလာနိုင်တော့မည်ဟု မျှော်လင့်ပါသည်။ လက်တွေ့ကျပြီး ရေရှည်တည်တံ့သော အကျိုးအမြတ်နှင့် ရလဒ်ကောင်းရရှိနိုင်မည့် စီးပွားရေးလုပ်ငန်းများကို စနစ်တကျရွေးချယ်ဆောင်ရွက်ခြင်းဖြင့် အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုး စီးပွားကို ဖော်ဆောင်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း နှင့် ယနေ့အထိ **MAPCO** နှင့် အတူ ကြိုးပမ်းဆောင်ရွက်နေသူများ အားလုံး၊ **MAPCO** တွင် ယုံကြည်မှုအပြည့်ဖြင့် ရင်းနှီးမြှုပ်နှံထည့်ဝင် ထားသူ အစုရှယ်ယာပိုင်ရှင်များအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာ** နိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဌဦးချစ်ခိုင်နှင့်ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များသည် (၂၃ . ၁.၂၀၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံ၍ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးက အများပြည်သူပါဝင်မှုရှိသည့် အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် **MAPCO** အများပိုင်ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြု ချက်အမှတ်(၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ (၁.၈.၂၀၁၂)ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ဆောင်ခွင့်လက်မှတ် (**Certificate for Commencement of Business**) အမှတ် ၁/၂၀၁၂ ကို ရရှိခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် ပထမ ဦးဆုံးလုပ်ကိုင်ခွင့်ရရှိသော အများပိုင်ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအား အကျိုးအမြတ်အထိရောက်ဆုံး ခွဲဝေပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာအများပိုင်ကုမ္ပဏီကြီးများ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထား ခြင်းဖြစ်ပါသည်။ အများပြည်သူသို့ အစုရှယ်ယာ စတင်ရောင်းချခြင်းကို (၁၆.၈.၂၀၁၂)နေ့ တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ အစုရှယ်ယာဝင်ဦးရေ(၁၃၄၃)ပါဝင် ရင်းနှီးမြှုပ်နှံလျှက်ရှိပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြင့် ရပ်တည်ဆောင်ရွက်အကျိုးပြု နိုင်ရန်။

## ဦးတည်ချက်များ

(၁) မြန်မာနိုင်ငံတွင် ဂုဏ်သတင်းထင်ရှားကျော်ကြားပြီး အကျိုးအမြတ်ရှိသော အများပိုင် ကုမ္ပဏီတစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်ဆောင်ရွက်နိုင်ရန်။

(၂) လယ်ယာစီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခြင်း ဖြင့် သက်ဆိုင်သူ (Stakeholders)များအားလုံး အကျိုးဖြစ်ထွန်းစေပြီး မြန်မာနိုင်ငံ၏ စားနပ် ရိက္ခာဖူလုံရေးနှင့် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကိုပါ အကျိုးပြုနိုင်ရန်။

(၃) အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ဥစ္စာဓန ပိုမိုတိုးပွားကောင်းမွန်စေရန်အတွက် မဟာဗျူဟာမြောက်သော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်။

(၄) လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက အခန်းကဏ္ဍမှဦးဆောင် ဆောင်ရွက်ရန်။

(၅) မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးစေရန်အတွက် လိုအပ်သော အခြေခံအဆောက်အဦး (infrastructure) များ၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ (Logistics) လုပ်ငန်းများ ကိုဆောင်ရွက်ရန်။

(၆) မြန်မာ့ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့တွင် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ရန်။

# BACKGROUND INFORMATION OF **MAPCO**

On 21st January 2012, U Chit Khine, Chairman of **Myanmar Rice Federation (MRF)**, together with senior Central Executive Committee members of **MRF**, had a courtesy meeting with H.E. President U Thein Sein and cabinet ministers. The purpose of the meeting was to promote private-public partnership for the development of rice industry and agriculture sector of Myanmar. One of the outcomes of the meeting is to form a Public Company which can increase the investment and trade of the rice industry and agriculture sector. Hence, **Myanmar Agribusiness Public Corporation Limited (MAPCO)** was formed in 2012 under the guidance and initiative of Myanmar Rice Federation. **MAPCO** therefore acts as the business arm of **Myanmar Rice Federation**.

**MAPCO** was formally formed in August, 2012 as the Public Company, fully-owned by private investors. **MAPCO** intends to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. In addition, **MAPCO** is founded in response to the growing demand for a business corporation to lead the private sector of Myanmar's rice industry. Using market-based approaches and strategies, as well as working in partnership with stakeholders from the farmers to the exporters, **MAPCO** promises and promotes sustainability and profitability in the interest of national food security, rice and agriculture sector development of Myanmar. **MAPCO** works closely with the Government of Myanmar to set up and invest not only in modern rice mills and warehousing facilities but also on infrastructure and strategic projects to help alleviate poverty through agribusiness activities within the rural communities. The set of ideals that **MAPCO** carries is a paradigm shift from the previous agribusiness model to a more robust and comprehensive system.

The following details are about official incorporation of **MAPCO**:
**Incorporation Certificate** – No.134/2012-2013
(Issued by Department of Investment & Company Administration)

**Commencement of Business Certificate** – No.1/2012 (1-8-2012)
(Issued by Department of Investment & Company Administration)

**Commencement of Initial Public Offering** - (16-8-2012)
Numbers of shareholders (as of 2014-2015) – 1343 shareholders

## Vision

To be the vanguard of rice and agriculture industry of Myanmar

## Key Objectives

(1) To stand successfully as the most vibrant, dynamic and profitable public corporation in Myanmar


(2) To develop and sustain agribusiness activities so as to ensure prosperity for all stakeholders in the interests of national food security and rapid e conomic development

(3) To improve interest and wealth of shareholders by making long-term strategic investment


(4) To implement private sector-led development in agriculture and agro-based industries

(5) To develop and improve infrastructure and logistics with regard to economic development of Myanmar

(6) To be a market leader in Myanmar and in global market place




MAPCO's commitment to sustainable growth for rice industry and agriculture sector encompasses three main pillars as follows:



# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံတင်ပြစာ
## (Directors' Report)

၁။ ၂၀၁၅ ခုနှစ်(ဒီဇင်ဘာ)တွင်ကျင်းပသော အထွေထွေအစည်းအဝေး၌ ဒါရိုက်တာ(၁၅)ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ **MAPCO** ၏ ကုမ္ပဏီရေးရာစီမံအုပ်ချုပ်မှုစနစ် (**Corporate Governance**) အရ ဒါရိုက်တာအဖွဲ့သည် မူဝါဒများချမှတ်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအပေါ် သုံးသပ်ခြင်းနှင့် **MAPCO** အတွက် အကျိုးရှိစေမည့် အကြံဉာဏ်များပေးခြင်းစသောလုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

၂။ **MAPCO** ၏ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လုပ်ငန်းလည်ပတ်ရေး၊ ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေးနှင့်ငွေကြေးစသော အဓိကကျသည့် နိစ္စဓူဝ လုပ်ငန်းဆောင်တာများကို ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် အမှုဆောင်ဒါရိုက်တာများမှ တာဝန်ခွဲဝေဆောင်ရွက်ကြပါသည်။ အမှုဆောင်ဒါရိုက်တာများသည် အပတ်စဉ်၊ လစဉ်ပုံမှန်စည်းဝေးတိုင်ပင်ကြပြီး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ **MAPCO** မှ ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ထားသော **MAPCO Golden Lace**၊ **MAPCO E&C**၊ **MJRI**၊ **Agri First** စသောကုမ္ပဏီများသည်လည်း သက်ဆိုင်ရာ **BOD** များဖွဲ့စည်းထားပြီး၊ အစည်းအဝေးများကို ခေါ်ယူကျင်းပဆောင်ရွက်ကြပါသည်။ ဌာနပေါင်းစုံ **Business Review Meeting** ကိုလည်း လစဉ်ကျင်းပပြီး လုပ်ငန်းဆောင်ရွက်မှုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သက်ရောက်မှုများ၊ ရလဒ်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ဆွေးနွေးညှိနှိုင်းသုံးသပ်ဆောင်ရွက်ကြပါသည်။

၃။ ဒါရိုက်တာများနှင့် အကြီးတန်းစီမံခန့်ခွဲရေးဝန်ထမ်းများ၊ **MAPCO** ၏ အကြံပေးပုဂ္ဂိုလ်များ ဖွဲ့စည်းပါဝင်သည့် ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၊ ဝန်ထမ်းရေးရာနှင့် အမည်စာရင်းတင်သွင်းရေးကော်မတီ၊ ထောက်ပံ့ချီးမြှင့်ငွေနှင့် အခကြေးငွေဆိုင်ရာကော်မတီများဖွဲ့စည်းထားရှိပြီး ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ ဖွဲ့စည်းထားသောကော်မတီများ ပိုမိုတက်ကြွစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်သွားရန် အကြံပြုတင်ပြအပ်ပါသည်။

၄။ **MAPCO** အနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ(၉)ရက်တွင်ဖွင့်လှစ်သော **Yangon Stock Exchange** တွင် ပထမဦးဆုံးစာရင်းသွင်း (**Listed**) ဖြစ်မည့် အများပိုင်ကုမ္ပဏီ(၆)ခု စာရင်းတွင် ပါဝင်ရွေးချယ်ခံရပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ အဆိုပါ အများပိုင်ကုမ္ပဏီ(၆)ခုအနက်(၃)ခုသည် စာရင်းသွင်းအဖွဲ့ဝင်ဖြစ်ခဲ့ပြီး၊ ကျန်(၃)ခုမှာ စာရင်းသွင်းအဖွဲ့ဝင်ဖြစ်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါသည်။ တစ်နှစ်အချိန်ကာလအတွင်း မြန်မာစတော့ရှယ်ယာဈေးကွက်အခြေအနေသည် ဖွံ့ဖြိုးဆဲအဆင့်သာရှိနေခြင်း၊ နိုင်ငံရေးအကူးအပြောင်းနှင့် အစိုးရအသစ်ဖွဲ့စည်းသည့်အချိန်ကာလ ဖြစ်နေခြင်းတို့ကြောင့် **MAPCO** အနေဖြင့် ရှုထောင့်ပေါင်းစုံ၊ အခြေအနေမျိုးစုံတို့အား စနစ်တကျသုံးသပ်ပြင်ဆင်ပြီး **Listing** ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်ဆဲနှင့်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများ၏ **Capital** လိုအပ်ချက်အရ **Rights Issue** ကိုဆောင်ရွက်ခဲ့ပြီး ယခုဆက်လက်၍ ကျန်ရှိသော အစုရှယ်ယာများကို ဆက်လက်ထုတ်ဝေရောင်းချရန်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင်လည်း **MAPCO** အနေဖြင့် အကျိုးအမြတ်အနည်းငယ်ရရှိခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် ပိုင်ဆိုင်မှုများတိုးပွားလာခြင်း၊ အနာဂါတ်တွင် ဝင်ငွေနှင့်အကျိုးအမြတ်ရရန်သေချာသည့် ခိုင်မာသောရင်းနှီးမြှုပ်နှံမှုများရှိနေခြင်းတို့သည်လည်း ကုမ္ပဏီပိုင်ရှင်များဖြစ်သည့် အစုရှယ်ယာရှင်အားလုံး၏ အကျိုးအမြတ်ပင်ဖြစ်ပါသည်။ ဒါရိုက်တာများနှင့်တည်ထောင်သူများအနေဖြင့် အစုရှယ်ယာအများစုကို ရယူထားသော်လည်း အစုရှယ်ယာ အနည်းစုထည့်ဝင်ထားသော အစုရှယ်ယာရှင်များ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးနားလည်သဘောပေါက်ပါသည်။ ကုမ္ပဏီမှရရှိထားသော အကျိုးအမြတ်အနည်းငယ်အတွင်းမှ ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် အစုရှယ်ယာအနည်းငယ်ထည့်ဝင်ထားသူများကို ယခင်နှစ်ကကဲ့သို့ပင် ဦးစားပေး၍ အမြတ်ဝေစုခွဲဝေခြင်းအား ဆောင်ရွက်ရန်ဆုံးဖြတ်ထားပြီး နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပသောနေ့တွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ကြေညာပေးမည်ဖြစ်ပါသည်။

၆။ **MAPCO** ၏ ဒါရိုက်တာများ၊ အမှုဆောင်ဒါရိုက်တာများအနေဖြင့် **MAPCO** ၏ ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ခိုင်မာသော အကျိုးအမြတ်များရရှိစေရေးတို့အတွက် ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဤစာအုပ်တွင် ဖော်ပြထားပါကြောင်း ရိုသေလေးစားစွာဖြင့် အစီရင်ခံ တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်

# Corporate Governance

**၁။ စီမံခန့်ခွဲအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်မှုများ**

ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံ (၂၀)ဖြစ်သော **G-20** နှင့် ကမ္ဘာ့စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်း **(OECD)** တို့မှ သတ်မှတ်ပြဋ္ဌာန်းသော စီမံခန့်ခွဲအုပ်ချုပ်မှု **Good Corporate Governance** ဆိုင်ရာမူဝါဒများ၊ ပေါ်လစီများ၊ လမ်းညွှန်မှုများကို အခြေခံ၍ **MAPCO** အတွက် သီးခြားပြုစုထားသော **Corporate Governance Policies & Guidelines -2016** စာအုပ်ကိုထုတ်ဝေခဲ့ပြီး အဆိုပါ **Good Corporate Governance** ပါ ပြဋ္ဌာန်းချက်၊ သတ်မှတ်ချက်များအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်မှ စတင်၍ **MAPCO** တွင် စတင်ကျင့်သုံးဆောင်ရွက်မည် ဖြစ်ပါသည်။

**Objective 1**
- Sustainable business growth
- Investors' confidence

**Objective 2**
- Business integrity & ethics
- Market confidence

**Objective 3**
- Stable access to equity capital
- Capital formation and allocation

**Objective 4**
- Good Corporate Governance System

**Objective 5**
- Decision making processes on environmental, anti-corruption and anti-bribery, human rights, and social matters




**၂။ United Nations Global Compact တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း**

**MAPCO** သည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားနှင့်အမျိုးသမီးအခွင့်အရေး၊ လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လမ်းစဉ်များကို အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ **UN Global Compact** တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် **UN Secretary General** ဘန်ကီမွန်း၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခွင့်ရရှိခဲ့ပါသည်။ **MAPCO** ၏ ကော်ပိုရိတ်မဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား **UN Global Compact** ၏ အခြေခံမူဝါဒ(၁၀)ချက်နှင့်အညီ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

**၃။ ပွင့်သစ်စ စီမံချက်တွင် အဆင့်(၁၇)ဖြင့် ပါဝင်ခြင်း**

မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု မြှင့်တင်ရေးအတွက် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုအဖွဲ့အစည်း (**MCRB**)မှ ထုတ်ပြန်သော ပွင့်သစ်စစီမံချက်၏ ၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီ လုပ်ငန်းစုများ၏ ပွင့်လင်းမြင်သာမှု **Transparency** အရှိဆုံး အဆင့်အတန်း သတ်မှတ် ဖော်ပြရာတွင် **MAPCO** မှ အဆင့် (၁၇) ရရှိခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်တို့နှင့် ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီများအား အမှတ်ပေးဆုံးဖြတ်ခြင်းဖြစ်ပါသည်။ **MAPCO** အနေဖြင့် ထင်သာမြင်သာရှိစွာဖြင့် နိုင်ငံတကာ စံချိန်စံနှုန်းများအတိုင်း စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ဖော်ပြခံရမှုအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ပြီး ရှေ့ဆက်လက်ပြီး ပိုမိုကောင်းမွန်သော **Gorporate Governance** အစီအစဉ်များကို ကြိုးစားဆောင်ရွက်သွားရန် ဒါရိုက်တာအဖွဲ့မှ လမ်းညွှန်ချမှတ်ထားပါသည်။

Myanmar Centre for Responsible Business

PWINT THIT SA PROJECT



# Pwint Thit Sa Project

Transparency in Myanmar Enterprises

Third Report | 2016

| Company Name | Website | 2016 Position | 2015 Position |
|---|---|---|---|
| FIRST MYANMAR INVESTMENT (FMI) | fmi.com.mm | 1 | NA |
| SERGE PUN & ASSOCIATES (SPA) | spa-myanmar.com | 2 | 1 |
| MAX MYANMAR GROUP | maxmyanmargroup.com | 3 | 2 |
| SMART TECHNICAL SERVICES | smartmyanmargroup.com | 4 | 5 |
| MPRL E&P GROUP | mprlexp.com | 5 | 8 |
| AYA BANK (FORMERLY AYAWADDY BANK) | ayabank.com | 6 | 9 |
| KBZ GROUP | kbzgroup.com.mm | 7 | 3 |
| CITY MART HOLDING COMPANY | cmhl.com.mm | 8 | 4 |
| PARAMI ENERGY GROUP | parami.com | 9 | 6 |
| DAGON GROUP | dagon-group.com | 10 | 10 |
| SHWE TAUNG GROUP | shwetaunggroup.com | 11 | 7 |
| ASIA WORLD | asiaworldcompany.com | 12 | 12 |
| GREAT HOR KHAM PUBLIC COMPANY | greathorkham.com | 13 | NA |
| HTOO GROUP | htoo.com | 14 | 41 |
| ZAWGYI PREMIER | zawgyipremier.com | 15 | 43 |
| UNITED PAINT GROUP (UPG) | upgpaint.com | 16 | 19 |
| MAPCO | mapco.com.mm | 17 | NA |
| MYANMAR THILAWA SEZ HOLDINGS | mtshmyanmar.com | 18 | NA |
| YOUNG INVESTMENT GROUP | yigmm.com | 19 | NA |
| UMG GROUP | umgmyanmar.com | 20 | NA |
| SEIN WUT HMON | swh.com.mm | 20 | 26 |
| A1 GROUP | a1companies.biz | 22 | 33 |
| SUPREME GROUP | supremegroupcompanies.com | 22 | NA |
| TAHMOENYE CHAN THAR GROUP | tahmoehnyechanthar-group.com | 22 | NA |
| CAPITAL DIAMOND STAR | cdsg.com.mm | 25 | 16 |
| MYANMAR CONSOLIDATED MEDIA HOLDINGS | mmtimes.com | 25 | 40 |
| MYANMAR CITIZEN BANK | mcb.com.mm | 27 | 14 |
| NEW DAY ENERGY | newdayenergymm.com | 27 | 32 |
| MYAN SHWE PYI LTD | mspcot.com.mm | 27 | 21 |
| APEX OIL & GAS PUBLIC COMPANY | apexgasnoil.com | 30 | 22 |
| T.Z.T.M GROUP | tztmgroup.com | 30 | 28 |
| DAWN (AH YONE OO) CONSTRUCTION | ahyoneoo.com | 30 | 20 |
| OK GROUP | ukyufamily.com | 30 | 47 |
| MYANMAR AWBA GROUP | awba-group.com | 34 | 37 |
| MYANMAR GOLDEN STAR (MGS) | mgsgroup.net | 34 | 18 |
| TAW WIN FAMILY | tawwinfamily.com | 34 | NW |

# ဘဏ္ဍာရေးနှင့်စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း

ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်းလုပ်ငန်းများအတွက် "U Thaung Aye Audit & Associates" အဖွဲ့အား External Audit အဖြစ်လည်းကောင်း၊ "MAT Audit & Professional Services" အဖွဲ့အား Independent Audit အဖြစ်လည်းကောင်း တာဝန်ပေးအပ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ MAPCO ၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို နောက်ပိုင်းတွင် ပူးတွဲတင်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်း၏ကောက်နုတ်ချက်(Financial Highlights) ကို ကုမ္ပဏီစတင်တည်ထောင်သည့်နေ့မှစ၍ (၄)နှစ်စာအား အစုရှယ်ယာရှင်များ အလွယ်တကူ လေ့လာနိုင်ရေးအတွက် အောက်တွင်ကောက်နုတ်ဖော်ပြထားပါသည်။

**Financial Highlights**

| | 2012-2013 | 2013-2014 | 2014-2015 | 2015-2016 |
|---|---|---|---|---|
| Paid-up Capital | 9.92 | 11.38 | 15.24 | 16.25 |
| Revenue | 21.47 | 18.50 | 22.89 | 20.60 |
| Expense | 22.38 | 19.26 | 22.75 | 20.41 |
| Profit/(loss) | - 0.91 | -0.77 | 0.14 | 0.19 |
| Current Assets | 9.63 | 16.97 | 21.14 | 19.56 |
| Non – Current Assets | 5.88 | 6.67 | 21.61 | 50.98 |
| Current Liabilities | 5.40 | 12.94 | 22.60 | 34.18 |
| Non – Current Liabilities | - | - | - | 0.45 |
| Total Assets | 15.51 | 23.64 | 42.75 | 70.55 |


**Remarks : (2012-2013) & (2013-2014) MAPCO Only**

**(2014-2015) & (2015-2016) Consolidated Financials**

| **Annual Revenue** | |
|---|---|
| | **Revenue (Billion)** |
| 2012-2013 | 21.47 |
| 2013-2014 | 18.50 |
| 2014-2015 | 22.89 |
| 2015-2016 | 20.60 |

Remarks: MMK in Billion


**Annual Revenue (MMK in Billion)**





| **Annual Revenue & Expenditure** | | |
|---|---|---|
| | **Revenue** | **Expenditure** |
| 2012-2013 | 21.47 | 22.38 |
| 2013-2014 | 18.50 | 19.26 |
| 2014-2015 | 22.89 | 22.75 |
| 2015-2016 | 20.60 | 20.41 |

Remarks: MMK in Billion


**Annual Revenue & Expenditure**




| Capital | |
|---|---|
| | Paid-up Capital |
| 2012-2013 | 9.92 |
| 2013-2014 | 11.38 |
| 2014-2015 | 15.24 |
| 2015-2016 | 16.25 |
| | |
| Remarks: MMK in Billion | |





| Total Assets | |
|---|---|
| | Total Assets |
| 2012-2013 | 15.51 |
| 2013-2014 | 23.64 |
| 2014-2015 | 42.75 |
| 2015-2016 | 70.55 |
| | |
| Remarks: MMK in Billion | |




| Components of Income | MMK (in Billion) |
|---|---|
| Export Sales (Rice) | 13.972 |
| Local Sales (Rice) | 1.907 |
| Farm Mechanization | 1.534 |
| MAPCO E&C | 0.787 |
| Investment Income | 0.877 |
| Sales (Fertilizer) | 0.764 |
| Others | 0.762 |
| | 20.603 |




| Comparative Study: 2015-2016 and 2014-15 | | |
|---|---|---|
| | | |
| Components of Income | 2015-2016 | 2014-2015 |
| Export Sales (Rice) | 13.972 | 7.966 |
| Local Sales (Rice) | 1.907 | 0.799 |
| Sales (Fertilizer) | 0.764 | 3.329 |
| Farm Mechanization | 1.534 | 0.165 |
| E&C | 0.787 | - |
| Investment Income | 0.877 | - |
| Others | 0.762 | 10.63 |
| | 20.603 | 22.89 |



# MILESTONES OF MAPCO

## 2012

**27.11.2012**
* MOU with Mitsui for MJRI

**28.10.2012**
* MAPCO Contract Farming Ceremony in Naypyitaw attended by H.E President U Thein Sein

**10-11.10.2012**
* MAPCO Farm Mechanization Show 2012

**28.8.2012**
* First Initial Public Operation

**5.4.2012**
* Set up Myanmar Agribusiness Public Corporation (MAPCO) Limited

## 2013

**13.12.2013**
* MOU with Mitsui for NPK Fertilizer Factory

**30.9.2013**
* Myanmar Japan Rice Industry Co.,Ltd (MJRI) Launching Ceremony

**4.5.2013**
* First time High Quality Rice Export to Japan in over 40 years by MAPCO-Mitsui

**4.5.2013**
* MIC approved MAPCO to build grain terminal at Plot 28 @ Thilawa

**3.5.2013**
* MAPCO has involved as one of the main shareholders in MTSH

**5.3.2013**
* First Statutory Meeting

**2-3-4-5.3.2013**
* Myanmar Agro-Tech Expo 2013

**30-31.1.2013**
* UOB - MAPCO Myanmar Investment Forum

| YEARS | 2012 | 2013 |
| --- | --- | --- |

30.12.2014
* Received ISO 9001-2008 QMR Certificate

27.11.2014
* Set up Myanmar Japan Agrisolution Co.,Ltd

11.8.2014
* Set up MAPCO Engineering & Contracting Co.,Ltd (MAPCO E & C)

1.8.2014
* First time MAPCO Annual General Meeting

1.6.2014
* Second time rice 5% (long grain) 6000 MT exported to Japan by MAPCO & Mitsui

28.5.2014
* Set up MAPCO Logistics Co.,Ltd

24.5.2014
* Signing Ceremony between Diawa Securities Group Inc/ Myanmar Securities Exchange Centre (MSEC) and MAPCO

29.3.2014
* Meeting with Shareholders who has over 1000 shares in MAPCO

5-6-7-8.3.2014
* Co-sponser for MAT Expo 2014

30.1.2014
* Set up MAPCO- Golden Lace Co.,Ltd.(MGL)
* Joint Venture between MAPCO (55%) and Golden Lace (45%)

30.12.2015
* Second time MAPCO Annual General Meeting

13.12.2015
* First Time Rice 3000 MT exported to China
(First ever offical export)

28.7.2015~13.12.2015
* First Time Rice 3000 MT exported to China
(First ever offical export)

28.6.2015
* Grand opening ceremony of Naypyitaw Rice Mill

24.4.2015
* Set up Myanmar Institute of Finance

25.10.2016
* Signing Ceremony of Cooperation Agreement on Development of Agriculture Sector in Myanmar and Introduction of Grain Dryer

25.4.2016
* Set up Agri First Co.,Ltd

7.4.2016
* Share Holder Agreement signing ceremony for Joint Venture between Agri First Co.,Ltd MAPCO & BMM Venture (s) Pte Ltd

10.2.2016
* Set up Myanmar Agribusiness Service Co.,Ltd

**2014** **2015** **2016**




# ANNUAL GENERAL MEETING

## ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း















မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)
နှစ်ပတ်လည်အထွေထွေအစည်းအဝေး






















# အများပြည်သူသို့ ရှယ်ယာရောင်းချမှုအခြေအနေတင်ပြချက်

MAPCO ၏ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတွင် ပါဝင်သည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အစုရှယ်ယာများကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ရောင်းချခဲ့ပါသည်။ ၂၀၁၆ခုနှစ် နိုဝင်ဘာလအထိ ထုတ်ဝေရောင်းချထားသော အစုရှယ်ယာရောင်းချမှုအခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။




**Rights Issue ထုတ်ဝေရောင်းချမှု (from June-16 to Nov-16)**

| Month | No. of Share | Amount(MMK) |
|---|---|---|
| June | 109,261 | 1,092,610,000 |
| July | 291,234 | 2,912,340,000 |
| Aug | 179,421 | 1,794,210,000 |
| Sept | 3,909 | 39,090,000 |
| Oct | 6,621 | 66,210,000 |
| Nov | 12,203 | 122,030,000 |
| Total | 602,649 | 6,026,490,000 |

# အစုရှယ်ယာ အများဆုံးထည့်ဝင်ထားသူ (၅၀)ဦးစာရင်း (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ)

| No | Shareholders Name | No.of Shares | Percentages % | Remaks |
|---|---|---|---|---|
| ၁။ | ဦးချစ်ခိုင် | 330,000 | 14.82% | Chairman |
| ၂။ | YANGON LAND CO.,LTD | 140,000 | 6.29% | |
| ၃။ | ဦးထွန်းလွင် | 100,000 | 4.49% | Executive Director |
| ၄။ | ဦးကျော်ကြီးကျော် | 64,400 | 2.89% | |
| ၅။ | ဦးမောင်မောင်ကြီး | 61,000 | 2.74% | |
| ၆။ | ဦးဦးသွင် | 55,000 | 2.47% | |
| ၇။ | ဦးခင်မောင်အေး | 50,000 | 2.24% | Founder |
| ၈။ | ဦးဇော်ဇော် | 50,000 | 2.24% | Founder |
| ၉။ | ဦးဇော်ဝင်းရှိန် | 50,000 | 2.24% | Founder |
| ၁၀။ | ဦးလှမျိုး | 50,000 | 2.24% | Founder |
| ၁၁။ | ဦးသောင်းဝင်း | 50,000 | 2.24% | Executive Director |
| ၁၂။ | ဦးကျော်လင်း | 50,000 | 2.24% | Founder |
| ၁၃။ | GOOD BROTHER CO.,LTD | 40,000 | 1.80% | |
| ၁၄။ | NINE ROAD COMPANY | 33,350 | 1.50% | |
| ၁၅။ | ဦးဝင်းထိန်ဝင်း | 32,000 | 1.44% | |
| ၁၆။ | ဒေါ်ခင်မို့မို့ရှိန် | 27,695 | 1.24% | |
| ၁၇။ | ဦးအောင်သန်းဦး | 20,000 | 0.90% | Founder |
| ၁၈။ | ဦးတင်မောင်လှိုင် | 20,000 | 0.90% | Executive Director |
| ၁၉။ | ဒေါက်တာစိုးထွန်း | 20,000 | 0.90% | Executive Director |
| ၂၀။ | DIAMOND STAR | 20,000 | 0.90% | Founder |
| ၂၁။ | ဦးလှဦး | 20,000 | 0.90% | Founder |
| ၂၂။ | ဦးကျော်ကျော်ဝင်း | 20,000 | 0.90% | Executive Director |
| ၂၃။ | ဦးတင်လှ | 20,000 | 0.90% | |
| ၂၄။ | ဒေါ်ကျန်းအင်ဟွယ် | 19,100 | 0.86% | |
| ၂၅။ | ဦးနေမျိုးဇော် | 18,000 | 0.81% | |
| ၂၆။ | ဦးဆဂလှဒွဲ | 16,252 | 0.73% | |

| No | Shareholders Name | No.of Shares | Percentages % | Remaks |
|---|---|---|---|---|
| ၂၇။ | ဦးတင်မြင့်(ခ)ဦးကျော်တင်မြင့် | 16,000 | 0.72% | |
| ၂၈။ | ဦးကျော်သင်း | 14,500 | 0.65% | |
| ၂၉။ | ဦးကျော်မင်းထင် | 13,690 | 0.61% | |
| ၃၀။ | ဒေါ်လဲ့လဲ့မော် | 12,000 | 0.54% | |
| ၃၁။ | ဦးအောင်လင်းထင် | 11,050 | 0.50% | |
| ၃၂။ | ဦးရဲမင်းအောင် | 11,000 | 0.49% | Managing Director |
| ၃၃။ | ဦးကျော်မျိုးလင်း | 10,500 | 0.47% | |
| ၃၄။ | ဦးလှမောင်ရွှေ | 10,000 | 0.45% | Founder |
| ၃၅။ | ဦးအောင်စိုးသာ | 10,000 | 0.45% | Founder |
| ၃၆။ | ဦးသတိုးဟိန်း | 10,000 | 0.45% | Founder |
| ၃၇။ | ဦးအာယု | 10,000 | 0.45% | Executive Director |
| ၃၈။ | ဦးကျော်ဇောအောင် | 10,000 | 0.45% | Founder |
| ၃၉။ | ဦးအောင်မြင့် | 10,000 | 0.45% | Executive Director |
| ၄၀။ | ဦးဇော်ဂင်းဦး | 10,000 | 0.45% | Executive Director |
| ၄၁။ | ဦးမျိုးထွေး | 10,000 | 0.45% | Founder |
| ၄၂။ | ဦးမောင်မောင်တင် | 10,000 | 0.45% | Executive Director |
| ၄၃။ | ဒေါ်မြတ်သူခိုင် | 10,000 | 0.45% | |
| ၄၄။ | ဦးအောင်ဖြိုး | 10,000 | 0.45% | |
| ၄၅။ | ဒေါက်တာအေးအေး | 10,000 | 0.45% | |
| ၄၆။ | ဦးအောင်ကျော်ဇော | 10,000 | 0.45% | |
| ၄၇။ | ဦးလှဂင်း | 9,500 | 0.43% | |
| ၄၈။ | ဒေါ်စန်းသီတာထွန်း | 9,500 | 0.43% | |
| ၄၉။ | ဒေါ်လှလှမူ | 9,500 | 0.43% | |
| ၅၀။ | ဦးမျိုးသူရအေး | 9,000 | 0.40% | Founder |
| ၅၁။ | ဦးတင်ဂင်း | 9,000 | 0.40% | |
| Total | | 1,642,037 | 74% | |

# ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ

| No | Shareholders Name | No.of Shares | Amount(k) | Percentages % |
|---|---|---|---|---|
| ၁။ | ဦးချစ်ခိုင် | 330,000 | 3,300,000,000 | 14.82% |
| ၂။ | ဦးထွန်းလွင် | 100,000 | 1,000,000,000 | 4.49% |
| ၃။ | ဦးသောင်းဂင်း | 50,000 | 500,000,000 | 2.24% |
| ၄။ | ဦးလှမျိုး | 50,000 | 500,000,000 | 2.24% |
| ၅။ | ဦးအောင်သန်းဦး | 20,000 | 200,000,000 | 0.90% |
| ၆။ | ဦးတင်မောင်လှိုင် | 20,000 | 200,000,000 | 0.90% |
| ၇။ | ဒေါက်တာစိုးထွန်း | 20,000 | 200,000,000 | 0.90% |
| ၈။ | ဦးလှဦး | 20,000 | 200,000,000 | 0.90% |
| ၉။ | ဦးကျော်ကျော်ဂင်း | 20,000 | 200,000,000 | 0.90% |
| ၁၀။ | ဦးရဲမင်းအောင် | 11,000 | 110,000,000 | 0.49% |
| ၁၁။ | ဦးအောင်မြင့် | 10,000 | 100,000,000 | 0.45% |
| ၁၂။ | ဦးမောင်မောင်တင် | 10,000 | 100,000,000 | 0.45% |
| ၁၃။ | ဦးအာယု | 10,000 | 100,000,000 | 0.45% |
| ၁၄။ | ဦးဇော်ဂင်းဦး | 10,000 | 100,000,000 | 0.45% |
| ၁၅။ | ဦးမင်းလွင်အောင် | 4,000 | 40,000,000 | 0.18% |
| | | 685,000 | 6,850,000,000 | 30.75% |

# Right Issue ရှယ်ယာထုတ်ဝေရောင်းချမှုအခြေအနေ

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သောဒုတိယအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ၂၀၁၆ ခုနှစ် ဇွန်လ(၁၀)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ (**Existing Shareholders**)များကို **Rights Issue shares** များ ထုတ်ဝေရောင်းချခဲ့ပါသည်။ **Rights Issue Shares** များ ထပ်မံထုတ်ဝေရောင်းချမည့်အကြောင်းကိုလည်း အများပြည်သူသိရှိနိုင်စေရန်အတွက် ၂၀၁၆ ခုနှစ် ဇွန်လတွင် နိုင်ငံပိုင်သတင်းစာများ ဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းအသိပေးခဲ့ပါသည်။ **MAPCO** ၏ **Primary Market** တွင် ရောင်းချခဲ့ပြီးဖြစ်သော **Equity Capital** ပမာဏအတိုင်း ထပ်မံ၍ **MAPCO** ၏ **Shares** များကို ထုတ်ဝေရောင်းချခဲ့ခြင်းဖြစ်ပါသည်။ နိုဝင်ဘာလအထိ ရောင်းချပြီးစီးမှုမှာ အစုရှယ်ယာပေါင်း (၆၀၂,၆၄၃)၊ ငွေပမာဏမှာ ကျပ်သန်းပေါင်း (၆၀၂၆)သန်းဖြစ်ပါသည်။ စုစုပေါင်းထုတ်ဝေသော အစုရှယ်ယာပမာဏမှာ (၁,၆၂၄,၈၂၂) ဖြစ်ပြီး ကျန်ရှိသာ ပမာဏကို SECM ၏ ခွင့်ပြုချက်ရယူပြီး အများပြည်သူသို့ ထပ်မံဖိတ်ခေါ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ထပ်မံထုတ်ဝေရောင်းချခြင်းဖြင့်ရရှိလာမည့် **Equity Capital** ကို အောက်ပါလုပ်ငန်းများ ဖြစ်သော **New Project** နှင့် **Ongoing Project** များတွင် ထပ်မံထည့်ဝင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။

(က) သီလဝါအကွက်အမှတ်(၂၈)တွင် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းစတင်ဆောင်ရွက်ရန်။

(ခ) ဒေသအခြေပြုလယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း (**MAPCO-ASC**)များ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် ။

(ဂ) တွံတေးမြို့နယ်တွင် ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ တည်ဆောက်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်။

(ဃ) သီလဝါအထူးစီးပွားရေးဇုန်တွင် ဓာတ်မြေသြဇာစက်ရုံတည်ဆောက်မည့်(**AFC Co.,Ltd**) တွင် အစုရှယ်ယာထည့်ဝင်ရန်။

(င) **Myanmar National Telecom Holding Public Co.,Ltd** တွင် အစုရှယ်ယာထည့်ဝင်ရန်။

(စ) ဒါရိုက်တာအဖွဲ့မှ အတည်ပြုရွေးချယ်သော အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းများ

**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အစုရှယ်ယာအသစ်ထပ်မံထုတ်ဝေမည့် အစီအစဉ်ကြေညာချက်**

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)သည် ၁-၈-၂၀၁၂ရက်တွင် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၃၁-၃-၂၀၁၆ရက်အထိ အစုရှယ်ယာရှင်ပေါင်း(၁၄၄၄) ထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံမှု(၁၆. ၄ဘီလီယံ)ဖြင့် ဆန်စပါးလုပ်ငန်းနှင့် လယ်ယာစီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ MAPCO အနေဖြင့် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်တွင် ကျင်းပခဲ့သော အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး(AGM)တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၌ ထည့်ဝင်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန်နှင့် လက်ရှိအစုရှယ်ယာရှင်များသို့ အစုရှယ်ယာများ ထပ်မံထုတ်ဝေပေးမည့်၊ ဝယ်ယူနိုင်မည့် အခွင့်အရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်ပေးရန် သဘောတူဆုံးဖြတ်ထားပါသည်။ အဆိုပါ AGM ဆုံးဖြတ်ချက်နှင့်အညီ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည့်/ဆက်လက်ဆောင်ရွက်မည့် အောက်ဖော်ပြပါစီးပွားရေး လုပ်ငန်းများအတွက် ရင်းနှီးငွေထည့်ဝင်ရန် လိုအပ်သဖြင့် အစုရှယ်ယာများ ထပ်မံထုတ်ဝေမည်ဖြစ်ပါသည်-

(က) သီလဝါအကွက်(၂၈)တွင် ဆိပ်ကမ်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း စတင် ဆောင်ရွက်ရန်

(ခ) ဒေသအခြေပြုလယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း(MAPCO-ASC)များ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန်

(ဂ) Mandalay Development Bankတွင် အစုရှယ်ယာထည့်ဝင်ရန်

(ဃ) တွံတေးမြို့နယ်တွင် ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ တည်ဆောက်ရေး လုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်

(င) သီလဝါအထူးစီးပွားရေးဇုန်တွင် ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်မည့် (AFC Co.,Ltd)တွင် အစုရှယ်ယာထည့်ဝင်ရန်

(စ) Myanmar National Telecom Holding Public Co.,Ltd (စတုတ္ထမြောက် Telecom Operator လိုင်စင်)တွင် အစုရှယ်ယာထည့်ဝင်ရန်

၃။ ၂၀၁၆-၂၀၁၇တွင် ထုတ်ဝေမည့်အစုရှယ်ယာအရေအတွက်မှာ (၁၆၂၄၈၂၂) စုဖြစ်ပြီး လက်ရှိအစုရှယ်ယာ ထည့်ဝင်ထားသူများအား ၎င်းတို့ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်အတိုင်း အစုရှယ်ယာထပ်မံဝယ်ယူခွင့်ကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ အသစ်ထုတ်ဝေမည့်အစုရှယ်ယာများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ၁၀၅(ဂ)နှင့်အညီ လက်ရှိ အစုရှယ်ယာရှင်များကို ဦးစားပေးထုတ်ဝေမည်ဖြစ်ပါသဖြင့် ၂၀၁၆ခုနှစ်၊ ဇွန်လ ၁၀ရက်မှစ၍ ဇူလိုင်လ ၅ရက်အထိ လက်ရှိအစုရှယ်ယာရှင်များမှ ရှယ်ယာဝယ်ယူထည့်ဝင်ပေးနိုင်ပါရန်နှင့် ဇူလိုင်လ(၅)ရက်အထိ ထည့်ဝင်ခြင်းမရှိသော အစုရှယ်ယာများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၉၃(၃)အရ အများပြည်သူသို့ ထည့်ဝင်နိုင်ရန် ထုတ်ဝေပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**MAPCO အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့်ကမ်းနားလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်းနယ်မြေ၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:01-2301652~53,09-421135022**
**Email-admin@ mapco-ygn.com, bod@mapco-ygn.com**
**Website-www.mapco.com.mm**
**Fb-Myanmar Agribusiness Public Corporation (MAPCO)Ltd**

# အစုရှယ်ယာထည့်ဝင်ထားမှု အခြေအနေ (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ)

**Group - 1**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 1-100 | 28,411 | 1% | 930 | 64% |
| 2 | 101-200 | 20,200 | 1% | 116 | 8% |
| 3 | 201-300 | 13,720 | 1% | 52 | 4% |
| 4 | 301-400 | 14,870 | 1% | 39 | 3% |
| 5 | 401-500 | 14,674 | 1% | 30 | 2% |
| 6 | 501-600 | 8,705 | 0% | 15 | 1% |
| 7 | 601-700 | 1,324 | 0% | 2 | 0% |
| 8 | 701-800 | 6,993 | 0% | 9 | 1% |
| 9 | 801-900 | 1,800 | 0% | 2 | 0% |
| 10 | 901-1000 | 62,924 | 3% | 63 | 4% |
| | | **173,621** | **7%** | **1,258** | **87%** |

**Group - 2**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 1001-2000 | 118,176 | 5% | 70 | 5% |
| 2 | 2001-3000 | 66,215 | 3% | 25 | 2% |
| 3 | 3001-4000 | 90,800 | 4% | 24 | 2% |
| 4 | 4001-5000 | 43,350 | 2% | 9 | 1% |
| 5 | 5001-6000 | 23,286 | 1% | 4 | 0% |
| 6 | 6001-7000 | 14,000 | 1% | 2 | 0% |
| 7 | 7001-8000 | 30,730 | 1% | 4 | 0% |
| 8 | 8001-9000 | 43,256 | 2% | 5 | 0% |
| 9 | 9001-10000 | 158,500 | 7% | 16 | 1% |
| | | **588,313** | **26%** | **159** | **11%** |

**Group - 3**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 10001-20000 | 282,092 | 13% | 17 | 1% |
| 2 | 20001-30000 | 27,695 | 1% | 1 | 0% |
| 3 | 30001-40000 | 105,350 | 5% | 3 | 0% |
| 4 | 40001-50000 | 300,000 | 13% | 6 | 0% |
| 5 | 50001-60000 | 55,000 | 2% | 1 | 0% |
| 6 | 60001-70000 | 125,400 | 6% | 2 | 0% |
| 7 | 70001-80000 | - | - | - | - |
| 8 | 80001-90000 | - | - | - | - |
| 9 | 90001-100000 | 100,000 | 4% | 1 | 0% |
| | | **995,537** | **45%** | **31** | **2%** |

**Group - 4**

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | 100001- Above | 470,000 | 21% | 2 | - |
| | **470,000** | **21%** | **21%** | **2** | **-** |

| No | Range of Shares | Number of Shares | Percentage(%) | Number of Shareholders | Percentage(%) |
|---|---|---|---|---|---|
| 1 | Group -1 | 173,621 | 7% | 1258 | 87% |
| 2 | Group -2 | 588,313 | 26% | 159 | 11% |
| 3 | Group -3 | 995,537 | 45% | 31 | 2% |
| 4 | Group -4 | 470,000 | 21% | 2 | - |
| | **Total** | **2,227,471** | **100%** | **1,450** | **100%** |




# ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဆောင်ရွက်မည့် စီမံကိန်းစတင်ခြင်းအခမ်းအနားကျင်းပခြင်း






ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့၏ ကူညီပံ့ပိုးမှု၊ ဂျပန်နိုင်ငံ YANMAR ကုမ္ပဏီ၏ပူးပေါင်းပါဝင်မှုတို့ဖြင့် MACPO ၏ နေပြည်တော်အဆင့်မြင့်ဆန်စက်တွင် စပါးခွံမှ လျှပ်စစ်ဓာတ်အားကို ဂျပန်နည်းပညာ (4th Generation-Waste to-Energy Technology) အဖြစ် ထုတ်လုပ်မည့် စီမံကိန်းစတင်ခြင်းအခမ်းအနားအား (၁၁. ၁၀. ၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် ဧည့်သည်တော်များ၊ MAPCO အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။ ယခုအခါ စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပါသည်။





တည်ဆောက်ရေးမြင်ကွင်း

## Agri First Co.Ltd(AFC) ဖွဲ့စည်းရင်းနှီးမြှုပ်နှံခြင်း

ပြည်တွင်းဓါတ်မြေသြဇာထုတ်လုပ်မှုလိုအပ်ချက်ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုးပြည်တွင်းထုတ်လုပ်မှုတိုးစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံမှ **MAPCO**၊ ဂျပန်နိုင်ငံ **MITSUI** ကုမ္ပဏီနှင့် ပင်ရင်းဂျာမဏီ နိုင်ငံဖြစ်ပြီး ဒေသတွင်းတွင် မလေးရှားနိုင်ငံ၌အခြေစိုက်သော **BEHN MAYER** ကုမ္ပဏီတို့ အကျိုးတူပူပေါင်းဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ ဓါတ်မြေသြဇာထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို **AFC** အမည်ဖြင့် သီလဝါစက်မှုဇုံတွင် ၂၀၁၇ အတွင်း တည်ထောင်ပြီး၊ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကိုလည်း ၂၀၁၆ ခုနှစ် ဧပြီ (၇) ရက်နေ့က အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ လက်မှတ်ရေးထိုးအခမ်းအနားအား စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အားပေးချီးမြှင့်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သည့် **FDI for Import Substitution** ဖြစ်ပြီး ၂၀၁၇ – ၁၈ ဘဏ္ဍာနှစ်တွင် တည်ဆောက်၍ပြီးစီးမည်ဖြစ်ပြီး ပြည်တွင်းတွင် စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်ပါသည်။







## Fertilizer and Agrochemicals Business Unit ဖွဲ့စည်းဆောင်ရွက်မှု

**MAPCO** တွင် ယခင်ဖွဲ့စည်းထားသော **Fertilizer Team** အဖွဲ့ကို ၂၀၁၆ နှစ်ဆန်းပိုင်းတွင် **Fertilizer and Agrochemical Business Unit(FABU)** အမည်သို့ ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေး ဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံအထွက်ကောင်းရန် သွင်းအားစုဖြစ်သည့်အရည်အသွေးမြင့် မြေသြဇာ(**Fertilizers**)များ၊ စိုက်ပျိုးရေးဆေးဝါးများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရန် အဓိကရည်ရွယ်၍ စနစ်တကျဖွဲ့စည်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သွင်းအားစုဖြစ်သည့် မြေသြဇာများရောင်းချရေးလုပ်ငန်း လုပ်ဆောင်ခြင်းနှင့် တွဲဘက်၍ စိုက်ပျိုးရေးနည်းပညာများကို တောင်သူများသိရှိပြီး အသုံးပြုနိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော် **MAPCO** အရောင်းပြခန်းတွင် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများနှင့် ဓါတ်မြေသြဇာတို့ကို လက်လီလက်ကား ရောင်းချနေပါသည်။ ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ဘုရင့်နောင်ဈေးကွက်တွင် **MAPCO** မှ ဓါတ်မြေသြဇာအရောင်းဆိုင်ဖွင့်လှစ်မည်ဖြစ်ပြီး၊ အလားတူ ဓါတ်မြေသြဇာအရောင်းဆိုင်များကိုလည်း ရောင်းအားကောင်းသည့် မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပြီး အရောင်းမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# SK Networks (Korea) နှင့် MAPCO တို့အကြား မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့် ကုမ္ပဏီနှစ်ခုအကြား ပထမဆုံးလုပ်ငန်းစတင်သည့် သီးနှံအခြောက်ခံစက်များ တင်သွင်းဖြန့်ဖြူးနိုင်ခြင်း





ရာသီဥတုဖောက်ပြန်မှုကြောင့် ဆန်စပါး၊ပြောင်း စသည့် သီးနှံများတွင် အစိုဓာတ်မြင့်မားမှုကို ခေတ်မီအခြောက်ခံစက်များအသုံးပြုပြီးထိန်းသိမ်းနိုင်ရန် အသေးစား၊ အလတ်စား လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် **Dryer** များကို အရစ်ကျ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ရန်၊ ထို **Dryer** များကို အသုံးပြုခြင်းကြောင့် ဆန်စပါး၊ ပြောင်း အပါအဝင် သီးနှံများ၏ အရည်အသွေးပိုမိုကောင်းမွန်လာစေရန်၊ ရိတ်သိမ်းချိန်နောက်ပိုင်း လေလွင့်ဆုံးရှုံးမှုများကို လျော့ချနိုင်ပြီး တန်းမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ကိုရီးယားနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် **SK Networks** နှင့် **MAPCO** တို့အကြား မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲနှင့် ကုမ္ပဏီနှစ်ခုအကြား ပထမဦးဆုံးလုပ်ငန်း စတင်သည့် သီးနှံအခြောက်ခံစက် (**Grain Dryer**) များ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ မိတ်ဆက်ရှင်းလင်းပွဲအား (၂၅.၁၀.၂၀၁၆) နံနက်(၁၀)နာရီက **Parkroyal Hotel** ၌ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ **Dryer** များကို **MAPCO** ၏ **ASC** စခန်းများတွင် တင်ဆင်ခြင်း၊ လိုအပ်သော စက်ပိုင် ကုန်သည် ကုမ္ပဏီများကို အရစ်ကျစနစ်ဖြင့် ရောင်းချခြင်းများပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။ တပ်ဆင်မှုအပိုင်း၊ မောင်းနှင်/ ပြုပြင်ကိုင်တွယ်ထိန်းသိမ်းမှုအပိုင်းများကိုလည်း **MAPCO E&C** မှ **After Sales Services** ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။













# ကန်ထရိုက်လယ်ယာလုပ်ငန်း

ကန်ထရိုက်လယ်ယာလုပ်ငန်းသည် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားဖြစ်ပါသည်။ တောင်သူများ၏ လိုအပ်ချက်များဖြစ်သည့် နည်းပညာသွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများအား ပံ့ပိုးပေးနိုင်ခြင်း၊ အရည်အသွေးကောင်း သီးနှံများထုတ်လုပ်လာနိုင်ခြင်း၊ ထွက်ရှိလာသည့် သီးနှံများအား အာမခံဈေးနှုန်းရရှိလာနိုင်ခြင်း၊ သိုလှောင်ရုံများတွင် သီးနှံအပ်ကုန်စနစ်ဖြင့် လက်ခံသိုလှောင်နိုင်ခြင်း၊ အထွက်နှုန်းတိုးလာ၍ တောင်သူများ ဝင်ငွေတိုးလာခြင်းစသည့် တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှစ်ဦးနှစ်ဘက် အကျိုးရှိသောပူးပေါင်းဆောင်ရွက်နိုင်သည့်စနစ် ဖြစ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းများအား သီးနှံစိုက်ချိန်အလိုက် မိုးရာသီနှင့်နွေရာသီတွင် တစ်ဆက်စပ်တည်း ဆောင်ရွက်ခြင်း၊ တစ်နှစ်ပြီးတစ်နှစ် ဆက်လက်ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ယုံကြည်မှု၊ ရင်းနှီးမှုပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။

**MAPCO** ၏ ကန်ထရိုက်လယ်ယာစနစ်တွင် စက်မှုလယ်ယာဝန်ဆောင်မှုများကိုပါ ထည့်သွင်းဆောင်ရွက်ပေး၍ စက်မှုလယ်ယာအဖြစ် အသွင်ကူးပြောင်းမှုကိုများစွာ အထောက်အကူပြုလျှက်ရှိပါသည်။

**MAPCO** အနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်၍ နွေစပါးရာသီမှစတင်၍ နေပြည်တော် ကောင်စီနယ်မြေ(၈)မြို့နယ်တွင် ကန်ထရိုက်လယ်ယာလုပ်ငန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရာသီအလိုက် နှစ်စဉ်ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၁၆ ခုနှစ် မိုးစပါးရာသီမှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တို့တွင် တိုးချဲ့ပြီး အကျိုးတူ ကန်ထရိုက်လယ်ယာလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။ **MAPCO** အနေဖြင့် ကန်ထရိုက်လယ်ယာလုပ်ငန်းကို **MAPCO** ၏ ဆန်စက်များ **ASC** များကို အခြေခံ၍ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။






**Contract Farming Activities**

| No | Year | Acres | No of Farmers |
|---|---|---|---|
| 1 | 2014-2015 | 3824 | 1493 |
| 2 | 2015-2016 | 1424 | 478 |
| 3 | 2016 (November) | 2130 | 493 |


# ဒေသအခြေပြု လယ်ယာစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ
# Agribusiness Service Centers - ASC

ဒေသအခြေပြုလယ်ယာစီးပွားရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ (**Agribusiness Service Centers**) ကို **Community Based Agribusiness Services** ပုံစံဖြင့် တောင်သူလယ်သမားများအတွက် **One-Stop Farmer Center** များဖြစ်လာစေရန် ဒေသအသီးသီးတွင် တည်ဆောက်အကောင်ထည်ဖော်လျက်ရှိပါသည်။

**ASC** လုပ်ငန်းဌာနတစ်ခုတွင် စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကန်ထရိုက်လယ်ယာစနစ်အကောင်ထည်ဖော်သည့်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓါတ်မြေဩဇာ၊ ဆေးဝါးများနှင့်သွင်းအားစုများဖြန့်ဖြူးခြင်းလုပ်ငန်း၊ သီးနှံအခြောက်ခံစက်ဖြင့် နဝလီအခြောက်ခံပေးခြင်း၊ သိုလှောင်ရုံနှင့်သိုလှောင်ထားရှိနိုင်မှု ဝန်ဆောင်မှုလုပ်ငန်းများပါရှိမှာဖြစ်ပြီး အဆိုပါဝန်ဆောင်မှုလုပ်ငန်းများအားလုံးဆောင်ရွက်ပေးနိုင်ရန် **4 in 1 Concept** အနေဖြင့် ရည်ရွယ်တည်ဆောက်လျက်ရှိပါသည်။ ယခုလက်ရှိတွင် အချို့သော **ASC** လုပ်ငန်းဌာနများတွင် စက်မှုလယ်ယာအငှား လိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကန်ထရိုက်လယ်ယာစနစ်အကောင်ထည်ဖော်သည့်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓါတ်မြေဩဇာ၊ ဆေးဝါးများနှင့်သွင်းအားစုများဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကို စတင်အကောင်ထည်ဖော်လျက်ရှိပါသည်။ ကျန်ရှိသော သီးနှံအခြောက်ခံစက်ဖြင့် နဝလီအခြောက်ခံပေးခြင်း၊ သိုလှောင်ရုံနှင့် သိုလှောင်ထားရှိနိုင်မှု ဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ်အတွင်း ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးစေရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။




ဒေသအခြေပြုလယ်ယာစီးပွားရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဌာနတည်နေရာပြမြေပုံ




ဟင်္သာတမြို့နယ်ရှိ ASC Layout Design




# ဆန်ပြည်ပတင်ပို့မှု အခြေအနေအပေါ် သုံးသပ်ချက်

၂၀၁၆ ခုနှစ် ဧပြီလနောက်ပိုင်း အစိုးရအသစ် တက်လာပြီးအချိန်တွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက်ကို ထုတ်ပြန်ကြေညာခဲ့ရာ၌ အမှတ်စဉ်(၆)တွင် **"ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်စုံညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်"** ဟူ၍ ဖော်ပြပါရှိပါသည်။ ထို့ပြင် အစိုးရသစ်၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံမှလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများအား ဖယ်ရှားပေးလိုက်ခြင်းနှင့် **(Generalized System of Preferences - GSP)** အခွင့်အရေးများ ပြန်လည်ရရှိခြင်းတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဂေစုပိုမိုရရှိနိုင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်သလို၊ နိုင်ငံတကာ အဆင့်မီနည်းပညာများ မြန်မာနိုင်ငံသို့ လွယ်ကူစွာ စီးဝင်လာစေရန်နှင့် နိုင်ငံတကာကုန်သွယ်မှုတွင် USD ဖြင့် ငွေပေးချေမှုများ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများ ပေါ်ပေါက်ခဲ့ပါသည်။ နိုင်ငံတကာဈေးကွက်မှ မြန်မာ့ဆန်ကို ပိုမိုဦးစားပေးဝယ်ယူလိုကြောင်း ဖော်ထုတ်ပြောဆိုမှုများ ပေါ်ပေါက်ခဲ့ပါသည်။


၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့ နယ်စပ်မှတဆင့် ဆန်တင်ပို့မှုသည် နယ်စပ်ဒေသ တိုက်ခိုက်မှုများနှင့် မတည်မငြိမ်ဖြစ်မှုများကြောင့် တုံ့နှေးသွားသည့်အတွက် ပင်လယ်ရေကြောင်းမှတဆင့် တင်ပို့ရောင်းချသော **MAPCO** အနေဖြင့် ဈေးကွက်အတွင်း ပိုမိုလွယ်ကူစွာ ဝယ်ယူစုဆောင်းမှုပြုလုပ်နိုင်ပြီး နိုင်ငံတကာတင်ပို့မှုတိုးတက်ခဲ့ပါသည်။ အထူးသဖြင့် **MAPCO** မှ တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစပြီး မြန်မာကျပ်ငွေတန်ဖိုးကျဆင်းလာသည့်အခြေအနေတွင် ပြည်ပတင်ပို့သူ **Exporter** များ ငွေကြေးလဲလှယ်ရာတွင် အားသာချက်ဖြစ်သည့်အတွက် ဆန်ပြည်ပတင်ပို့မှုအား အကျိုးအမြတ်ရှိစွာဖြင့် တိုးမြှင့်ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

**MAPCO** အနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ဆန်တင်ပို့မှုကို ဆောင်ရွက်ခဲ့ရာ ယခင်အစိုးရမူဝါဒများနှင့် နယ်စပ်ဈေးကွက်ဦးစားပေးမှုများကြောင့် ပင်လယ်ရေကြောင်းမှ တင်ပို့မှုများသည် ရပ်ဆိုင်းလုနီးပါးအထိ အခက်အခဲများကြုံတွေ့ခဲ့ရပါသည်။ ယခုအခါ ပင်လယ်ရေကြောင်းမှ ပြည်ပဆန်တင်ပို့မှု လုပ်ငန်းသည် ယခင်(၄)နှစ်တာကာလအတွင်း အိပ်ပျော်ရာမှ ပြန်လည်နိုးထလာပြီ ဖြစ်သဖြင့် မြန်မာ့ဆန်စပါးဈေးကွက်အနေဖြင့် မကြာမီကာလအတွင်းတွင် ရွှေရောင်လွှမ်းသည့်အခြေအနေသို့ ပြန်လည်ရောက်ရှိလာတော့မည်ဟု ယုံကြည်မျှော်လင့်လျက် နိုင်ငံတကာသို့ တိုးချဲ့တင်ပို့နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## Rice Exported To Foreign Countries From 2012 to 2016




| Sr | Country | MT |
|---|---|---|
| 1 | EU | 6,875 |
| 2 | Africa | 86,043 |
| 3 | China | 17,885 |
| 4 | Japan | 11,050 |
| 5 | Indonesia | 13,775 |
| 6 | Other | 7,072 |
| **Total** | | **142,700** |




| | 2012-2013 | 2013-2014 | 2014-2015 | 2015-2016 | 2016-2017 |
|---|---|---|---|---|---|
| MT | 53,960 | 29,646 | 18,934 | 22,275 | 17,885 |
| USD('000) | 17,267 | 9,487 | 6,875 | 8,102 | 5,901 |


# အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့ရောင်းချထားမှု-ထူးခြားဖြစ်စဉ်အပေါ် တင်ပြခြင်း

မြန်မာ့တန်းမြင့်နှင့် တန်းလတ်ဆန်များအား အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရ အကြား ရေးထိုးထားသော **MoU** အား အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံဘက်မှ **MAPCO** သည် **Lead Exporter** အဖြစ် ဦးဆောင်ပါဝင်ခဲ့ပြီး ပြည်တွင်းကုမ္ပဏီ (၁၁) ခုဖြင့် လုပ်ငန်း အကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ စာချုပ်ပါ ဆန်တန်ချိန် (၂၀၀၀၀) အနက်မှ တန်ချိန် (၁၃၇၇၅) ကို (၁၅.၃.၂၀၁၆) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ **Teanjung Perk, Surabaya** ဆိပ်ကမ်းသို့ တင်ပို့နိုင်ခဲ့ ပါသည်။

**MAPCO** အနေဖြင့် သင်္ဘောတင်ပို့မှုကို အောင်မြင်စွာဆောင်ရွက်ခဲ့သောလည်း နှစ်နိုင်ငံအစိုးရအကြား ဆောင်ရွက်ရမည့် အပင်ပိုးမွှားရောဂါနှင့် ပတ်သက်သော ကိစ္စများ၊ ဓါတ်ခွဲခန်းကိစ္စများ၊ အရည်အသွေး စစ်ဆေးမှုကိစ္စများ ပြီးပြတ်မှုမရှိသေးသောကြောင့်အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိသွားသော ဆန်များသည် ဆိပ်ကမ်းမှ ထုတ်ယူနိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရပါသည်။ အဆိုပါ လုပ်ငန်းများ ဖြေရှင်းရေး ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံဘက်တွင် ရွေးကောက်ပွဲကျင်းပပြီးစီး၍ အစိုးရအကူးအပြောင်း ကာလဖြစ်ခြင်း၊ နှစ်သစ်ကူးသင်္ကြန်ပိတ်ရက်ရှည် အချိန်ကာလဖြစ်ခြင်းအပြင် အင်ဒိုနီးရှားနိုင်ငံတွင်လည်း ဝန်ကြီးဌာန(၁၃)ခုမှ ဝန်ကြီးများအား အပြောင်းအလဲပြုလုပ်ပြီး ဝန်ကြီးအသစ်ထပ်မံခန့်အပ်ခြင်းတို့နှင့် တိုက်ဆိုင်နေသည့်အတွက် လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် နောက်ကြောင်းပြန်ရှင်းလင်းတင်ပြနေရ၍ အချိန်ကြန့်ကြာနေပြီး မပြီးပြတ်နိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ **MAPCO** အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(**MRF**)၊ မြန်မာနိုင်ငံ အစိုးရဝန်ကြီးဌာနများအား မေတ္တာရပ်ခံပြီး ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော ဆန်များသည် ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းတွင် ဆိပ်ကမ်းမှ ထုတ်ယူနိုင်ခဲ့ပါသည်။ ကုန်ထုတ်ယူချိန်တွင် ကုန်ပစ္စည်းများ၏ အရည်အသွေးမှာ ကောင်းမွန်ပြီး **Bulog** အနေဖြင့် လက်ခံခဲ့ပါသည်။

ထိုသို့ ကုန်ထုတ်ယူနိုင်ခဲ့သော်လည်း ကုန်ပစ္စည်းများအား ဆိပ်ကမ်းမှ သတ်မှတ်ထားသည့် ခွင့်ပြုသည့်ကာလအတွင်း အချိန်မီထုတ်ယူနိုင်ခြင်းမရှိသည့်အတွက် ဆိပ်ကမ်းတွင် သိုလှောင်ထားရှိမှုနှင့် ဆိပ်ကမ်းဆိုင်ရာ စရိတ်စကအဖြစ် **USD 2.5 Million** ကို ကုန်ဝယ်သူ **Bulog** မှ မိမိတို့ ရရန်ရှိသည့် ကုန်ဘိုးငွေများထဲမှ ဆိုင်းငံ့ထားခဲ့ပါသည်။ အဆိုပါ ဆိုင်းငံ့ထားရှိသည့် ပမာဏအနက် ထိုက်သင့်သော ငွေပမာဏကိုသာ ဖြတ်တောက်ပြီး ကျန်ငွေကို **MAPCO** အား ပြန်လည်ပေးချေရေးအတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ အင်ဒိုနီးရှားရှိ မြန်မာနိုင်ငံသံရုံး၏ အကူအညီဖြင့်လည်းကောင်း၊ စီးပွားကူးသန်းဝန်ကြီးဌာန၏ ကူညီညှိနှိုင်းပေးမှုဖြင့်လည်းကောင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် မကုန်ဆုံးမီ အဆိုပါကိစ္စရပ်များအား ပြီးပြတ်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံဘက်မှ စီးပွားကူးသန်းဝန်ကြီးဌာန၊ ကုန်ဝယ်သူ **Perum Bulog** နှင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး အထူးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

# MAPCO Nay Pyi Taw Co.,Ltd.
# 5 in 1 Concept




**MAPCO** ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော **MAPCO Nay Pyi Taw Co.,Ltd.** ကို (၂၆.၇.၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၈၂၃/ ၂၀၁၆-၂၀၁၇)(ရက) ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ **MAPCO Nay Pyi Taw Co.,Ltd.** အနေဖြင့် **5 in 1 Concept** ဖြစ်သော **(1)Farm Mechanization (2)Agro-chemicals (3) Drying & Storage (4)Contract Farming (5)Processing & Trading** လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

## Farm Mechanization

တောင်သူများနှင့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်၍ စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများ၊ နေပြည်တော်နှင့် အနီးတဝိုက်မြို့နယ်များတွင် စက်မှုလယ်ယာအငှားလိုက် ဝန်ဆောင်မှုလုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။

## Agrochemicals

မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းဖြန့်ဖြူးသော အရည်အသွေးမြင့် ဓာတ်မြေဩဇာများကို တောင်သူများနှင့် အကျိုးတူဆောင်ရွက်လုပ်ကိုင်သော **Contract Farming** လုပ်ငန်းသို့ ၃၀% ဖြန့်ဖြူးပေးပြီး၊ **Open Market Sales** အနေဖြင့် ၇၀% ကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

## Drying & Storage

နဝလီကြိတ်ခွဲခြင်း၊ အခြောက်ခံပေးခြင်းနှင့် အပ်စပါးများလက်ခံခြင်း စသောလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။ နေပြည်တော်ဆန်စက်တွင် ကိုရီးယားနိုင်ငံထုတ် ၁၅ တန် **Dryer** ၂ လုံး၊ ၁၇ တန် **Dryer** ၃ လုံး နှင့် အိန္ဒိယနိုင်ငံထုတ် ၂၅ တန် **Dryer** ၁ လုံး ဖြင့် စုစုပေါင်း တစ်ရက်လျှင်စပါးတင်း (၁၀၀၀၀) ခန့် အခြောက်ခံနိုင်ပြီး၊ စပါးထားသိုရန်အတွက် **Silo** လေးလုံးရှိပြီး **Silo** တစ်လုံးလျှင် စပါးတင်း (၁၅၀၀၀) နှင့် **Silo** ၄လုံးအတွက် စပါးတင်း (၆၀၀၀၀) သိုလှောင်ထားရှိနိုင်ပါသည်။ စပါးများ သိုလှောင်ထားရှိနိုင်သော **Warehouse** တစ်လုံးတွင်လည်း စပါးတင်း တစ်သိန်းခန့် သိုလှောင်ထားရှိနိုင်ပါသည်။

## Contract Farming

တောင်သူများနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာလုပ်ငန်းအား စုစုပေါင်း ဧက ၅၂၄၇ အထိ ဆောင်ရွက်လုပ်ကိုင်နိုင်ခဲ့ပါသည်။ စုစုပေါင်းစပါးတင်းအနေဖြင့် ၁၅၉၈၄၂ တင်း ကောက်ခံရရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးရာသီတွင် ဧက ၁၃၅၆ ဆောင်ရွက်ခဲ့ပြီး၊ နွေစပါးရာသီတွင် ဧက ၁၅၀၀ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် လာမည့်မိုးစပါးရာသီတွင် ဧက ၂၀၀၀ ဆောင်ရွက်ရန် လျာထားပါသည်။

## Processing & Trading

ဆန်ကြိတ်ခွဲထုတ်လုပ်ရန်အတွက် စပါးသိုလှောင်ရုံမှ ဆန်စက်သို့လည်းကောင်း၊ **Silo** မှ ဆန်စက်သို့လည်းကောင်း **Elevator & Conveyor** များဖြင့် ဆန်စက်သို့ လူအားမလိုအပ်ဘဲ စက်အားဖြင့် သယ်ပို့ကြိတ်ခွဲနိုင်အောင်ဆောင်ရွက်ထားရှိပါသည်။

**Trading** ပိုင်းအနေဖြင့် နေပြည်တော်ဆန်စက်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိသောကြောင့် နေပြည်တော်မှ ရန်ကုန်သို့လည်းကောင်း၊ နေပြည်တော်မှ မန္တလေး၊ မူဆယ်သို့လည်းကောင်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စွာဆောင်ရွက်နိုင်သောအနေအထားတွင် ရှိသောနေရာတစ်ခုလည်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် နွေစပါးရာသီတွင် နဝလီစပါးတင်း (၄၉၀၀၀) ကြိတ်ခွဲ၍ တပ်ကုန်း၊ မိတ္ထီလာနှင့် မန္တလေး၊ မူဆယ်မြို့များသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

**MAPCO Nay Pyi Taw** ဆန်စက်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် အကြီးဆုံးဆန်စက်ဖြစ်ခြင်း၊ အစိုးရလုပ်ငန်းဌာနများ၏ ရုံးစိုက်ရာနေရာဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်မှုအချက်အချာကျဒေသဖြစ်ခြင်းတို့ကြောင့် တောင်သူများနှင့်ချိတ်ဆက်စည်းရုံးဆောင်ရွက်ရာတွင်လည်းကောင်း၊ စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း ပိုမိုထိရောက်လွယ်ကူသဖြင့် နေပြည်တော် **MAPCO** ဆန်စက်၏ **5 in 1 Concept** အား ဆက်လက်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် အကျိုးအမြတ်များရရှိစေရန် အဓိကရည်ရွယ်ချက်ထားရှိပါသည်။



## ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြဆောင်ရွက်မှု



လယ်ယာလုပ်ငန်းတွင် ကြုံတွေ့ရလျက်ရှိသော လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရေးနှင့် ခေတ်မီစက်ကိရိယာများကို စနစ်တကျ အကျိုးရှိစွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တွံတေးမြို့နယ်များတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု လက်တွေ့သရုပ်ပြခြင်းကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း စတင်ပြုလုပ်ခဲ့ပါသည်။ စက်မှုလယ်ယာလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကောက်စိုက်စက်ဖြင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကို ဒေသခံ တောင်သူများမှ လာရောက်လေ့လာခဲ့ကြပြီး၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဖြေကြားရှင်းလင်းဆောင်ရွက်ခဲ့ပါသည်။ ထွန်စက်စခန်းအချို့တွင် (၂၀၁၆ ~ ၂၀၁၇) ခုနှစ် နွေစပါးရာသီမှစ၍ ကောက်စိုက်စက်ဖြင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။








# ပညာသင်ထောက်ပံ့စရိတ်နှင့် ချီးမြှင့်ငွေ ပေးအပ်ခြင်း အခမ်းအနား

တာဝန်ထမ်းဆောင်မှု လုပ်သက်(၂)နှစ်နှင့် အထက် ဝန်ထမ်းများ၏ သားသမီးတစ်ဦး ဖြစ်စေ၊ အများဖြစ်စေ အခြေခံပညာမူလတန်းမှစ၍ တက္ကသိုလ်ကျောင်းသား/သူများ( မဟာဘွဲ့၊ ဘွဲ့လွန်မပါ)အထိ ကုမ္ပဏီမှ သတ်မှတ်ထားသော ပညာရေးထောက်ပံ့စရိတ်အား ပုံမှန်ထောက်ပံ့ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ ပါသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအား ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းများ၏သားသမီးများမှာ စုစုပေါင်း(၅)ဦးရှိပြီး၊ (၆)ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ (၃)ဘာသာ ဂုဏ်ထူးရှင်(၁)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ ရိုးရိုးအောင် (၂)ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြပြီး မူလတန်းအဆင့် ကျောင်းသား/သူ (၄)ဦး၊ အလယ်တန်းအဆင့်ကျောင်းသား/သူ(၄)ဦး၊ အထက်တန်းအဆင့်ကျောင်းသား/သူ (၄)ဦး၊ တက္ကသိုလ်အဆင့် ကျောင်းသား/သူ (၉)ဦး စုစုပေါင်း(၂၁)ဦးတို့အား ပညာရေးထောက်ပံ့စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။







# လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးပြုဆောင်ရွက်မှု
# CSR Activites



၁၃.၁၁.၂၀၁၆ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်သော မြို့နယ်လုံးကျွတ် ကထိန်လျာသင်္ကန်း ကပ်လှူပွဲတွင် **MAPCO** ကုမ္ပဏီမှ ငွေနှင့် ပစ္စည်းတန်ဖိုး ၂၁၅၁၅၀၀ိ/-ရှိ ပဒေသာပင်နှင့် ၂၁၉၀၀၀၀ိ/တန်ဖိုးရှိ ပဒေသာပင်နှစ်ပင်တို့ကို စိုက်ထူလှူဒါန်းခဲ့ပါသည်။ ၄င်း ပဒေသာပင်များအား ရပ်ဆောက်မြို့အင်ခေါင်းဘုန်းတော်ကြီးကျောင်းသို့ ၂၁၅၁၅၀၀ိ/-တန်ဖိုးရှိ ပဒေသာပင်အားလည်းကောင်း၊ ပင်းတယမြို့ပွေးလှကျေးရွာ မြို့အေးကျောင်း ၂၁၉၀၀၀၀ိ/-တန်ဖိုးရှိ ပဒေသာပင်အားလည်းကောင်း စာရေးတံမဲနှိုက်၍ လှူဒါန်းပူဇော်ခွင့်ရရှိခဲ့ပါသည်။ ၄င်းကထိန်လလျာသင်္ကန်းကပ်လှူပွဲသို့ **MAPCO** ကုမ္ပဏီ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့်ဇနီး၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်နှင့် အမှုဆောင် ဒါရိုက်တာများအား တက်ရောက်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

## စုပေါင်းသွေးလှူဒါန်းခြင်း(Blood Donation)

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌(၃၀.၁၁.၂၀၁၆)နေ့တွင် သွားရောက်ကုသိုလ်ပြုလှူဒါန်းခဲ့ပါသည်။




















# Myanmar Agribusiness Services Co.,Ltd(MASC) ၏ လုပ်ငန်းများ

စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို **ASC** စင်တာများမှ တဆင့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် **MAPCO** မှ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံပြီး၊ အပြည်အဝ စီမံခန့်ခွဲ ဆောင်ရွက်သော **Myanmar Agribusiness Services Co Ltd** (**MASC**) ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ သမားရိုးကျ ထွန်ယက်လုပ်ငန်းများ၊ ရိတ်သိမ်းလုပ်ငန်းများအပြင် ကောက်စိုက်စက်ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်း၊ လယ်ယာမြေအသစ်ဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးမြေများကို ရေလွှမ်းမိုးခြင်းမှ ကာကွယ်ရန်အတွက် တာဘောင်များပြုလုပ်ဆောင်ရွက်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများနှင့် ကုန်ထုတ်လမ်းများ ပါဝင်သော ခေတ်မီလယ်ယာမြေများကို ဒေသအခြေအနေနှင့် ကိုက်ညီသောစနစ်ဖြင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်စက်မှုလယ်ယာဦးစီးဌာနသည် အကြီးဆုံးအဖွဲ့အစည်းဖြစ်ပြီး၊ **MASC** သည် ဒုတိယအင်အားအကောင်းဆုံးဆောင်ရွက်နေသောကုမ္ပဏီ ဖြစ်ပါသည်။






စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများကို မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ထွန်ယက်ခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းများကို တောင်သူများထံသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းအနေဖြင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်းရှိ ဝင်းကကျေးရွာနှင့် တောင်ကြီးကျေးရွာများတွင် ဧက(၁,၀၀၀)လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ လယ်ယာမြေဧက (၁,၀၀၀) အား ဒေသအတွင်းရှိ လယ်ယာမြေ ပိုင်ဆိုင်မှုမရှိသူများအား အစိုးရမှ တိုက်ရိုက်ကြီးကြပ်၍ လုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိကပိုင် လယ်ယာမြေဧက (၅၀၀) အား လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်တွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။





စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းများသည် **MAPCO ၏ 4 in 1 Concept** ဖြင့် ချိတ်ဆက်ထားရှိပြီး၊ ဒေသခံတောင်သူများသို့ စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှု၊ ဓါတ်မြေဩဇာဖြန့်ဖြူးရောင်းချမှု၊ ကန်ထရိုက်လယ်ယာလုပ်ငန်းနှင့် အခြောက်ခံ၍ သိုလှောင်ခြင်းလုပ်ငန်းများကို တစ်စုတစ်စည်းတည်း ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံတောင်သူများနှင့် တစ်ရာသီပြီးတစ်ရာသီ၊ နှစ်စဉ်ရေရှည်လက်တွဲပြီး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် တောင်သူများအား စုဖွဲ့စေပြီး၊ အစုအဖွဲ့ **Cluster** စနစ်ကို အဓိကထားဆောင်ရွက်ရန် အခြေခံမူဝါဒ ချမှတ်ထားရှိပြီးဖြစ်ပါသည်။



လယ်ယာကဏ္ဍတွင် အရေးကြီးသော စက်မှုလယ်ယာအသွင်ကူးပြောင်းရေးအတွက် အခြေခံကျသည့် လယ်ယာမြေဖော်ထုတ်ခြင်း၊လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းတိုးတက်ခြင်း၊ ဝင်ငွေတိုးတက်ခြင်းတို့အပြင် လယ်ယာထွက်ကုန်သီးနှံများအရည်အသွေးမြင့်မားလာစေနိုင်ပြီး၊ ရေရှည်အကျိုးအမြတ်ရှိသောလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။



# MAPCO GoldenLace Co.Ltd (မက်ကိုရွှေဇာခြည်ကုမ္ပဏီလီမိတက်) ကျိုက်လတ်မြို့နယ်ရှိ ဆန်နှင့်ဆန်ထွက်ပစ္စည်း တန်ဖိုးမြင့်ထုတ်ကုန်စက်ရုံ

မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကွက်လပ်ကြီး(၄)ခုကို ဖြည့်ဆည်းပေးရန်လိုအပ်နေပါသည်။

(၁) တောင်သူလယ်သမားများနှင့် ဆန်စက်များကြား လေလွင့်မှုလျော့ပါးရေးကွက်လပ်

(၂) ဆန်စက်ငယ်များနှင့် **Exporter** များကြား ဆန်အရည်အသွေးမြှင့်တင်ရေးကွက်လပ်

(၃) လယ်သမားများစပါးဈေးပိုရရှိနိုင်ရန် ဆန်နှင့်ဆန်စက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ရေးကွက်လပ်နှင့်

(၄) ဆန်စပါးလုပ်ငန်းဆိုင်ရာနည်းပညာသင်တန်းကျောင်းများဖွင့်လှစ်ရေးတို့ဖြစ်ပါသည်။

ဤကွက်လပ်(၄)ခုစလုံးကို **MAPCO Golden Lace Co.,Ltd.** မှ ကျိုက်လတ်မြို့တွင် တစ်ပြိုင်တည်းဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

## ပထမကွက်လပ်ကို ဖြည့်ဆည်းပေးခြင်း

မအူပင်ဘက်မှ ကျိုက်လတ်မြို့အဝင် လှည်းဆိပ်ကျေးရွာတွင် ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အငှားလိုက်ဝန်ဆောင်မှုပေးခြင်းအပါအဝင် လယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ASC စခန်းကိုတည်ထောင်ဆောင်ရွက်လျက်ရှိပါသည်။ **Good Brothers Co.Ltd** နှင့်ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများရောင်းချပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြေ (၁၂.၂၉) ဧကကို အခြားနည်းသုံးစွဲခွင့် ရရှိပြီးဖြစ်ပါသည်။ ၎င်းမြေကွက်လပ်နှင့်မျက်နှာချင်းဆိုင်တွင် လယ်ယာမြေ (၁၀)ဧက ဝယ်ယူထားပြီး မျိုးစပါးများထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

## ဒုတိယကွက်လပ်ကို ဖြည့်ဆည်းပေးခြင်း

ဆန်စက်ငယ်များထံမှ ပေါင်းဆန်လုံးတီး၊ ဆန်ဖြူလုံးတီးနှင့် အဆင့်နိမ့်ဆန်များကို ဝယ်ယူ၍ ပြည်ပအဆင့်မီဆန်များအဖြစ်တန်ဖိုးမြှင့်ကြိတ်ခွဲထုတ်လုပ်နိုင်ရန် တစ်နာရီ (၁၀)တန်ကျ ပေါင်းဆန်ကြိတ်ခွဲစက်နှင့် ဆန်ဖြူကြိတ်ခွဲစက်၊ စပါးတန် ၅၀၀ ဆန့် ခေတ်မီဆိုင်လို(၄)လုံးနှင့် သိုလှောင်ရုံများ၊ တစ်နေ့တန် ၂၀၀ စပါးပေါင်းစက်၊ ရေသန့်စင်စက်နှင့် ၎င်းစက်ယူနစ်များ အချိန်ပြည့်လည်ပတ်နိုင်ရန်အတွက် **2.2 MW** စပါးခွံလောင်စာသုံးဘွိုင်လာ တာဘိုင်လျှပ်စစ်ထုတ်လုပ်စက်တို့ကို တည်ဆောက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဆန်စက်များစတင်စမ်းသပ်လည်ပတ်မည်ဖြစ်ပါသည်။

## တတိယကွက်လပ်ကို ဖြည့်ဆည်းပေးခြင်း

ဆန်နှင့်ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်ရည်ရွယ်ပြီး ဖွဲနုဆီစက်၊ ငါးအစာတောင့်စက်၊ ဆန်မှုန့်စက်၊ ဆန်ကြာဇံစက် စသည့်တို့ကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

## စတုတ္ထကွက်လပ်ကို ဖြည့်ဆည်းပေးခြင်း

ခေတ်မီစက်ကရိယာများ ပိုမိုသုံးစွဲလာပြီဖြစ်ရာစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်ပြုပြင်နိုင်ရေးနှင့်စာရင်းဇယားများစနစ်ကျရေးအတွက် ဆန်စပါးလုပ်ငန်းဆိုင်ရာနည်းပညာကျောင်းကို ကျိုက်လတ် **Project** နေရာတွင် တည်ဆောက်သင်ကြားပေးသွားမည်ဖြစ်ပါသည်။ ဘာသာရပ်များခွဲ၍ စာတွေ့ ၄၀% လက်တွေ့ ၆၀% ဖြင့် (၃)လသင်တန်းများဖွင့်လှစ်သွားရန် ရည်ရွယ်ထားပါသည်။



ကျိုက်လက် **Project (IRCP)**သည် ဆန်စပါးလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာပြည်တွင် စံနမူနာပြတစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ်ပါသည်။ **MAPCO Golden Lace Co.,Ltd** တွင် **MAPCO** ဘက်မှ ၅၅% ၊ **Golden Lace** အဖွဲ့မှ ၄၅% ရင်းနှီးမြှုပ်နှံထည့်ဝင်၍ ဦးသောင်းဝင်းမှ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်းကောင်း၊ ဒေသခံလုပ်ငန်းရှင် ဦးလှထွန်းအောင်က စီမံကိန်းဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

## လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြီးစီးမှုအခြေအနေ

**Phase I** - ၂၀၁၇ ခုနှစ်၊ မတ်လ (၂)ရက် တောင်သူလယ်သမားနေ့တွင် ဂုဏ်ပြုဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ စပါးခွံလောင်စာသုံးစွဲ၍ ဘွိုင်လာမှ **450Ċ** ရှိသောဖိအားမြင့် ရေနွေးငွေ့ထုတ်လွှတ်ပြီး၊ တာဘိုင်ကိုလည်ပတ်စေကာ **440 V 2.2MW** လျှပ်စစ်ဓါတ်အားကို ထုတ်လုပ်မည်ဖြစ်ပါသည်။ ၎င်းလျှပ်စစ်ဓါတ်အားကို မိမိစက်ရုံဝင်းအတွင်းရှိ စက်ယန္တရားအားလုံးကို မောင်းနှင်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆန်စပါးလုပ်ငန်းတွင်ပထမဆုံးနှင့်အကြီးဆုံးစပါးခွံသုံးလျှပ်စစ်ထုတ်လုပ်စက်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ **Lucky Export** ကုမ္ပဏီမှမှာယူတင်သွင်းခဲ့ပြီး တည်ဆောက်မှု ၉၀% ပြီးစီးပြီဖြစ်ပါသည်။

၂။ တစ်နေ့တန် ၂၀၀ ထုတ်လုပ်နိုင်သော စပါးပေါင်းစက်ကို အိန္ဒိယနိုင်ငံ **INDUSS** ကုမ္ပဏီမှလည်းကောင်း၊ တစ်နေ့တန် ၂၅၀ ဆန်စက်ကို **SATAKE** ဆန်စက်ယန္တရားများ၊ **Yong Xiang** မှ ဆန်စက်ယန္တရားများဖြင့်လည်းကောင်း မှာယူတပ်ဆင်ခဲ့ပြီး **MAPCO E&C** မှ တာဝန်ယူတည်ဆောက်ခဲ့ရာ ၉၅% တည်ဆောက်ပြီးစီးပြီ ဖြစ်ပါသည်။ တန် ၅၀၀ ဆန်စပါးဆိုင်လို(၄)လုံးကို တရုတ်နိုင်ငံ **MUYANG** ကုမ္ပဏီမှမှာယူပြီး **MAPCO E&C** မှ တာဝန်ယူ တည်ဆောက်ခဲ့ရာ ၁၀၀% ပြီးစီးပြီဖြစ်ပါသည်။ စပါးခြောက်စက် ၁၅ တန် (၂) လုံး၊ ၁၇ တန် (၂)လုံး စုစုပေါင်း (၄)လုံးကို ကိုရီးယားနိုင်ငံ **SAUNG SAN** ကုမ္ပဏီမှ မှာယူပြီး **MAPCO E&C** မှ တာဝန်ယူတည်ဆောက်ခဲ့ရာ ၁၀၀% ပြီးစီးပြီဖြစ်ပါသည်။

**Phase II** - (၂၀၁၈-၁၉ ဘဏ္ဍာနှစ်)

၁။ **Phase I** ဖွင့်ပွဲနေ့တွင် ဆန်စပါးလုပ်ငန်းဆိုင်ရာ နည်းပညာသင်တန်းကျောင်းတည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာကို ကျင်းပပြီး တည်ဆောက်ရေးစတင်ပါမည်။ တစ်နေ့ တန်(၂၀၀) ဖွဲနဆီကြမ်းထုတ်လုပ်စက်နှင့် တန်(၅၀)ဖွဲနဆီချောစက်ရုံများကို တည်ဆောက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

## လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များရရှိခြင်း

လယ်ယာမြေမူဝါဒများနှင့်အညီ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့်ဆင့် ခွင့်ပြုမိန့်များရယူခဲ့ရပြီး (၂၉.၁၂.၂၀၁၅)နေ့တွင်(၁၂/ ၂၀၁၅) ဆုံးဖြတ်ချက်အမှတ်၂(က)နှင့် စိုက်ပျိုးရေးအထောက်အကူပြုလုပ်ငန်း အဆောက်အဦမြေနေရာအဖြစ် ခွင့်ပြုမိန့်ရရှိခဲ့ပါသည်။

## MIC ခွင့်ပြုမိန့်ရရှိခြင်း

(၅.၉.၂၀၁၄) နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် မနသ ၉၉၄/၂၀၁၄ ဖြင့်ခွင့်ပြုမိန့်ရရှိခဲ့ပါသည်။

စီမံကိန်းရင်းနှီးမြှုပ်နှံမှုအနေဖြင့် (၃၀.၁၁.၂၀၁၆)ရက်နေ့အထိ ကျပ်ငွေသိန်းပေါင်း (၈၉,၆၃၉) ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်ပါသည်။ ကျိုက်လတ် (**IRCP**) အနေအဖြင့်တစ်နှစ်လျှင် ရက်ပေါင်း (၃၀၀)လည်ပတ်ကြိတ်ခွဲပြီး ဆန်တန်ချိန် ၇၅၀၀၀ ခန့် ကြိတ်ခွဲထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ပြည်ပသို့ ဆန်တန်ချိန် ၆၀၀၀၀ ခန့် တင်ပို့၍ ပြည်တွင်းစားသုံးရန် အဆင့်မြင့်ပေါ်ဆန်နှင့် တန်းမြင့်ဆန်တန်ချိန် ၁၅၀၀၀ ခန့်ကို ဖြန့်ဖြူးသွားမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သော ထိပ်တန်းဆန်စက်လုပ်ငန်းအစုအဝေးတစ်ခုအဖြစ် မကြာမီ ပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။



# မြန်မာဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် MAPCO E&C

## ဦးတည်ချက်

ဆန်စပါးအပါအဝင် လယ်ယာသီးနှံထွက်ကုန်များအား ရိတ်သိမ်းချိန်နောက်ပိုင်းတွင် သိုလှောင်ခြင်း၊ ပြုပြင်ကြိတ်ခွဲသန့်စင်ခြင်း၊ တန်ဖိုးမြှင့်တင်ခြင်း၊ ထုတ်ပိုးခြင်းစသည်ဖြင့် ခေတ်မီနည်းပညာများနှင့် ခေတ်မီစက်ကိရိယာများကို အသုံးချပြီး အဆင့်ဆင့်လုပ်ဆောင်ရသောအပိုင်းတွင် ဒီဇိုင်းရေးဆွဲရေးနှင့် တည်ဆောက်ရေး၊ စက်များတပ်ဆင်ရေး၊ စမ်းသပ်မောင်းနှင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး စသော အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာကိစ္စများကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် **MAPCO E&C** အား ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုများ

၁။ **MAPCO** (နေပြည်တော်)တွင် ခေတ်မီ ဆန်စက်၊ စပါးပေါင်းစက်၊ စပါးအခြောက်ခံစက်များနှင့်ဆိုင်လိုများကို တည်ဆောက်ပေးခဲ့ပါသည်။

၂။ **MAPCO Golden Lace Co.,Ltd.** ၏ ကျိုက်လတ် **IRCP** အတွက် ခေတ်မီဆန်စက်၊ တန်(၂၀၀) စပါးပေါင်းစက်၊ တန်(၅၀၀) စပါးဆိုင်လို (၄)လုံး၊ **2.2 MW** စပါးခွံလောင်စာသုံးဘွိုင်လာ၊ တာဘိုင်လျှပ်စစ်ထုတ်လုပ်စက်နှင့် မြစ်ရေသန့်စင်စက်ရုံများကို တည်ဆောက်ပေးလျှက်ရှိပါသည်။

၃။ ပြည်ပမှ မှာယူတင်သွင်းဖြန့်ဖြူးပေးခဲ့သော ခေတ်မီစပါးပေါင်းစက်များနှင့် ကိုရီးယားနိုင်ငံလုပ် ခေတ်မီစပါးအခြောက်ခံစက်များကို မြန်မာပြည်အနှံ့လိုက်လံတပ်ဆင် တည်ဆောက်ပေးလျှက်ရှိပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် **MAPCO** နှင့် **MITSUI (JAPAN)** တို့ ပူပေါင်းဆောင်ရွက်မည့် **Integrated Rice Complex Project (IRCP)** အတွက် ဆန်စက်၊ သိုလှောင်ရုံ ဆိပ်ခံတံတားလမ်းများ၏ ဒီဇိုင်းလုပ်ငန်းများကို **MAPCO E&C** မှ ဦးဆောင်ဆောင်ရွက်လျှက်ရှိပါသည်။ အဝင်လမ်းတည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျှက်ရှိပါသည်။


၅။ **MAPCO** (နေပြည်တော်)တွင် တည်ဆောက်လျှက်ရှိသော **Yanmar Co.,Ltd (JAPAN)** ၏ **500 KW** စပါးခွံ ဓါတ်ငွေ့လျှပ်စစ်ထုတ်လုပ်စက် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ညှိနှိုင်းဆောင်ရွက်ပေးလျှက်ရှိပါသည်။

၆။ ကျိုက်လတ် (**IRCP**) နှင့်မြောင်းမြ **Project** တို့တွင် ဖွဲနဆီစက်တည်ဆောက်နိုင်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျှက်ရှိပါသည်။

၇။ ဆန်စက်၊ စပါးပေါင်းစက်များအတွက် စက်ပစ္စည်းများအပြင်၊ စပါးအခြောက်ခံစက်များကိုပါ ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးပေးလျှက်ရှိပါသည်။

၈။ ဆန်ကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာ နည်းပညာပြန့်ပွားရေးအတွက် သင်ရိုးညွှန်းတမ်းများ၊ စာအုပ်များရေးသားပြုစုခြင်း၊ သင်ကြားပို့ချပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျှက်ရှိပါသည်။









# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် လယ်ယာကဏ္ဍအခြေခံစက်မှုဇုန်
# Myaung Mya Industrial Zone

## ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် စိုက်ပျိုးရေး မွေးမြူရေးနှင့် လယ်ယာကဏ္ဍ အခြေခံစက်မှုဇုန်တည်ဆောက်ရင်းနှီးမြှုပ်ခြင်း

- စိုက်ပျိုးရေး၊မွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့် တင်ထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် တိုင်းပြည်ဝင်ငွေတိုးတက်ရရှိရေးကို အကျိုးပြုဖော်ဆောင်ရန်
- ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအကျိုးပြုနိုင်ရန်
- စက်မှုဇုန်အတွင်း အသက်မွေးဝမ်းကျောင်း ပညာသင်လေ့ကျင့်ရေး သင်တန်းများထည့်သွင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ကျွမ်းကျင်လုပ်သား မွေးထုတ်ရေးကို အကောင်အထည်ဖော်ရန်
- လယ်ယာကဏ္ဍကိုအခြေခံသော စက်မှုလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား (SME) လုပ်ငန်းများအတွက် လိုအပ်သော မြေအသုံးချမှုကို သင့်တော်သော ဈေးနှုန်းဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုတိုးတက်လာစေရန်
- ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေသော စက်မှုဇုန်အဖြစ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မှုမှ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်

အထက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် MAPCO တို့အကြား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ရရှိထားသော မြေ(၃၃၄.၇၂)ဧက အတွင်းမှ မြေ (၂၂၁)ဧက ကိုမြေယာဖော်ထုတ်ပြီး ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် လယ်ယာစိုက်ပျိုးရေးအခြေခံစက်မှုဇုန်ကို ၂၀၁၇ ခုနှစ်တွင် တည်ထောင်သွားမည် ဖြစ်ပါသည်။












# MJRI ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းမြင့်ဆန်များ နိုင်ငံတကာသို့ တိုးတက်တင်ပို့နိုင်ရေးအတွက် လိုအပ်လျက်ရှိသော အဆင့်မြင့်ဆန်စက်များ (**Integrated Rice Complex**) ကို မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းလီမိတက် (**MAPCO**)မှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါသည်။

**Integrated Rice Complex Project (IRCP)** စီမံကိန်းများကို နေပြည်တော်၊ ကျိုက်လတ်၊ တွံတေးမြို့နယ်များတွင် တည်ဆောက်လျက်ရှိရာ နေပြည်တော် စီမံကိန်းမှာ လုပ်ငန်းစတင်လည်ပတ်လျက်ရှိပြီး ကျိုက်လတ်စီမံကိန်းမှာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီး ဖြစ်ပါသည်။

**IRCP** တွံတေးစီမံကိန်းကို ဂျပန်နိုင်ငံ **MITSUI & Co.** နှင့် ပူးပေါင်းတည်ထောင်ထားသော **Myanmar Japan Rice Industry Co., Ltd** အနေဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါသည်။ စီမံကိန်းတွင် အဆင့်မြင့်ဆန်စက်များ၊ အခြောက်ခံစက်များ၊ သိုလှောင်ရုံကြီးများနှင့် ကုန်တင်ကုန်ချ ဆိပ်ခံတံတားအစရှိသည့်တို့ ပါဝင်ပြီး စီမံကိန်းပတ်ဝန်းကျင်ရှိ ဒေသခံတောင်သူလယ်သမားများနှင့် ပူးပေါင်း၍ ဆန်စပါးကြိတ်ခွဲ၊ သိုလှောင်၊ ရောင်းချမှုများကို နိုင်ငံတကာအဆင့်မီစွာဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးဆန်စက်လုပ်ငန်းစုအဖြစ် ရပ်တည်ဆောင်ရွက်သွားရန် စီစဉ်လုပ်ဆောင်လျက်ရှိပါသည်။

MAPCO

MITSUI&CO.

MJRI
Myanmar Japan Rice Industry Co., Ltd.




## Company Registration Date: 27.09.2013

- **MOU** လက်မှတ်ရေးထိုးသည့်ရက်စွဲ = နိုဝင်ဘာ ၂၀၁၂
- **MJRI Co.,Ltd** စတင်တည်ထောင်ခြင်း = ၃၀-၉-၂၀၁၃
- စီမံကိန်းမြေအကျယ်အဝန်း = ၂၇.၄၉ ဧက
- **MIC** ခွင့်ပြုမိန့် နှင့် ရက်စွဲ = ၉၃၇/၂၀၁၅ (၂၇-၀၄-၂၀၁၅)
  (၂၀၁၇ ခုနှစ် ဧပြီလ(၂၇)ရက်မှ ၂၀၁၈ ခုနှစ် ဧပြီလ(၂၆)ရက်နေ့ထိ ပထမအကြိမ် တည်ဆောက်ရေးကာလ သက်တမ်းတိုးရရှိထားပြီးဖြစ်)
- ရင်းနှီးမြှုပ်နှံမှုတန်ဖိုး = ၆၀ မီလီယံဒေါ်လာ

• ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုမိန့် နှင့် ရက်စွဲ = ၁၅/လယ-၃၀ (၀၃၇/၂၀၁၅) ၁၇-၂-၂၀၁၅

# စီမံကိန်းတွင် ပါဝင်သောလုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

**ကုန်ထုတ်လမ်းတည်ဆောက်မှုလုပ်ငန်းများ**

စီမံကိန်း ကုန်ထုတ်လမ်းကို **MAPCO E&C** မှတာဝန်ယူတည်ဆောက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်း များမှာ ၅၀%ပြီးစီးပြီးဖြစ်ပါသည်။ တည်ဆောက်ရေးကာလမှာ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားပါသည်။

**ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများ**

တွံတေး **IRCP** စီမံကိန်း ဆိပ်ခံတံတားတည်ဆောက်ရေးအတွက် လိုအပ်သော ခွင့်ပြုမိန့်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှရရှိပြီးဖြစ်ကာ တည်ဆောက်ရေးလုပ်ငန်းများအတွက် **KTECG** ကုမ္ပဏီနှင့်ဆောင်ရွက်လျက်ပြီး ၂၀၁၇ခုနှစ်ဇူလိုင်လတွင် ပြီးစီးမည်ဟု ခန့်မှန်းထားပါသည်။

**ဆန်စက်အဆောက်အဦနှင့်သိုလှောင်ရုံများ တည်ဆောက်ခြင်းလုပ်ငန်းများ**

ပါဝင်မည့် အဆောက်အဦများမှာ -

| | |
|---|---|
| ဆန်စက်အဆောက်အဦ | - ၁၂၆ x ၄၈ မီတာ x အမြင့် ၁၉ မီတာ |
| ကုန်ကြမ်းသိုလှောင်ရုံ | - ၁၅၀ x ၈၆ မီတာ x အမြင့် ၁၀ မီတာ |
| ကုန်ချောသိုလှောင်ရုံ | - ၉၀ x ၈၆ မီတာ x အမြင့် ၁၀ မီတာ |
| **(Drying & Husking Sections)**အဆောက်အဦများ | - ၃၃ x ၅၅ မီတာ× အမြင့် ၇.၂ မီတာ |

အထက်ပါ အဆောက်အဦနှင့် သိုလှောင်ရုံများအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် မကုန်မီ ပြီးစီးရန် ဆောင်ရွက်လျက်ရှိပါသည်။

**၃၃ ကေဗွီလိုင်း တူးမြောင်းဖြတ်ကျော် လျှပ်စစ်တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းများ**

စီမံကိန်းဧရိယာ လျှပ်စစ်ဓာတ်အားအတွက် လှိုင်သာယာ-မအူပင် ၃၃ကေဗွီလိုင်းမှ စီမံကိန်းသို့ တွံတေးတူးမြောင်းဖြတ်ကျော်လျှပ်စစ်တာဝါတိုင် တည်ဆောက်ရေးကို **KMN Trading Co., Ltd** နှင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် ဖွန်လတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

**စီမံကိန်းအကောင်အထည်ဖော်ဆောင်နေမှု မှတ်တမ်းဓာတ်ပုံများ**










# Mandalay Development Bank ဖွဲ့စည်းတည်ထောင်ပြီး အစုရှယ်ယာထည့်ဝင်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ




မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)မှ ကနဦး ဦးဆောင်တည်ထောင်သူအဖြစ် ဆောင်ရွက်မည့် **Mandalay Development Bank** ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့် အညီဖွဲ့စည်းတည်ထောင်ရန်လျာထားစီစဉ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံပေးမှု၊ အားပေးကူညီမှုနှင့် ဘဏ်ရုံးချုပ်တည်ဆောက်ရန်မြေနေရာစီစဉ်ပေးမှုတို့ဖြင့် တည်ထောင်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပါသည်။

အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းမှာ ကျပ်(၂၀)ဘီလီယံဖြစ်ပြီး၊ အဆိုပါဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကို ဆောင်ရွက်ဖြစ်ပါက အများပြည်သူသို့ ဖိတ်ခေါ်ကမ်းလှမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ အများပြည်သူသို့ ကမ်းလှမ်းဖိတ်ခေါ်ခြင်းမပြုလုပ်မီ **MAPCO** ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များအား အများပိုင်ဘဏ်တည်ထောင်သူ **Founder** အဖြစ် ပါဝင်လိုပါက ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဖိတ်ခေါ်ဆောင်ရွက်ရန်စီစဉ်ထားပါသည်။ ယခုအခါ **MAPCO** ဒါရိုက်တာအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ အထူးသဖြင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆိုင်ရာ မူဝါဒအခင်းအကျင်း၊ အစိုးရသစ်၏ မူဝါဒသဘောထားများနှင့် ဈေးကွက်အခြေအနေတို့ကို လေ့လာသုံးသပ်လျက်ရှိပြီးဆောင်ရွက်နိုင်မည့်အခြေအနေရှိပါက အစုရှယ်ယာရှင်များအား ထပ်မံထုတ်ပြန်အသိပေးမည်ဖြစ်ပါသည်။




# Myanmar National Telecom Holding Public Limited (MNTH)



မြန်မာနိုင်ငံတွင် စတုတ္ထမြောက်ဆက်သွယ်ရေးနှင့် တယ်လီဖုန်းအော်ပရေတာအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကုမ္ပဏီ (၇) ခုမှ 23% ၊ အစိုးရအစုရှယ်ယာထည့်ဝင်မှု 28%၊ ဗီယက်နမ်နိုင်ငံ **Viettel Group** မှ 49% ပါဝင်သည့် **Myanmar National Telecom Holding Public Limited (MNTH)** ကို အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ မြန်မာအစုရှယ်ယာရှင်ကုမ္ပဏီ (၇) ခုတွင် **MAPCO** အနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အစိုးရသစ်တာဝန်ယူပြီးချိန်တွင် အော်ပရေတာလိုင်စင် ရရှိခဲ့ပြီးဖြစ်၍ ၂၀၁၇ ခုနှစ် စတင်ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

# MTSH တွင် ရင်းနှီးမြှုပ်နှံမှုမှ နှစ်စဉ်အမြတ်ဝေစုရရှိခြင်း

မြန်မာသီလဝါအက်စ်အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက် (**MTSH**)တွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း(**MAPCO**) အနေနှင့် ကနဦးရင်းနှီးမြှုပ်နှံ တည်ထောင်သူ နိုင်ငံ သားအများပိုင်ကုမ္ပဏီ(၉)ခုအနက် တစ်ခုအဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

မူလတည်ထောင်သူကုမ္ပဏီတစ်ခုအနေဖြင့် အစုရှယ်ယာ တစ်စုလျှင် ၁၀၀၀၀ိ/ (ကျပ်တစ်သောင်း တိတိ)ဖြင့် အစုရှယ်ယာပေါင်း ၁၉၅၀၀၀၊ ငွေပမာဏ ၁,၉၅၀,၀၀၀,၀၀၀ (ကျပ်သန်းပေါင်းတစ်ထောင့် ကိုးရာငါးဆယ်တိတိ)ကို ၂၀၁၃ ခုနှစ်တွင် ထည့်ဝင်ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ယင်းမြှုပ်နှံမှုအပေါ် အမြတ်ဝေစုအဖြစ် ၂ -နှစ် ရရှိခံစားခဲ့ရပြီး ဖြစ်ရာအမြတ်ဝေစု ကျပ်သန်းပေါင်း ၈၇၇.၁၆ ရရှိခဲ့ပြီးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံစဉ်ကထက် အစုရှယ်ယာများ၏ တန်ဘိုးမှာအစီရင်ခံသည့် အချိန်တွင် အစုရှယ်ယာတစ်စောင်လျှင် ဈေးကွက်ပေါက်ဈေး ၄၇၀၀၀ိ/- နှင့်တွက်ပါက ကျပ်သန်းပေါင်း ၉၁၅၈.၆၅ သန်းအထိ တိုးပွား နေသောအခြေအနေ ဖြစ်ပါသည်။ **Capital Gains** အနေဖြင့် ကျပ်သန်းပေါင်း ၇၂၀၈.၆ သန်း တိုးပွားနေသောအခြေအနေဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

# ၂၀၁၇ ခုနှစ်တွင်စတင်မည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး Green Initiative

**MAPCO** အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ **UN Global Compact** အဖွဲ့ဝင်ဖြစ်၍ ၂၀၁၇ ခုနှစ်မှ စတင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကုမ္ပဏီလုပ်ငန်းဆောင်ရွက်မှုမူဝါဒများတွင် ထည့်သွင်းအကောင်အထည်ဖော်ရမည်ဖြစ်ရာ ရုံးလုပ်ငန်းများတွင် တတ်နိုင်သမျှ စာရွက်စာတမ်း(စက္ကူ)အသုံးပြုမှု လျှော့ချခြင်း၊ စက်ရုံအလုပ်ရုံများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့နည်းစေရေးအစီအမံများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး အစီအစဉ်များကို ဦးစားပေးထည့်သွင်းခြင်းဖြင့် **MAPCO's Green Initiative- 2020** ကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

စက္ကူအသုံးပြုမှု လျှော့ချရေးအစီအစဉ်ကြောင့် **Newsletter** များ ထုတ်ဝေမှုအပြင် ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်တော့မည်မဟုတ်ဘဲ **Website** တွင်သာ **Soft Copy E-Version** များကို **Download** ရယူနိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။ **MAPCO's Green Initiative- 2020** ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သာမက အသုံးစရိတ်များကိုပါ ချွေတာလျှော့ချနိုင်မည်ဖြစ်ပါသည်။

# အစုရှယ်ယာလက်မှတ် ပျောက်ဆုံး / ပျက်စီးမှု

ငွေချေးသက်သေခံစာရင်း (**Securities Account**) ဖွင့်လှစ်ပေးနိုင်ရန်အတွက် ပြန်လည် အပ်နှံရမည့် **Official Certificate** များ ပျောက်ဆုံး/ ပျက်စီးပါက **MAPCO** ကုမ္ပဏီ၏ အစုရှယ်ယာဌာန (**IRD**) သို့ အမြန်ဆုံးဆက်သွယ်ရန် လိုအပ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**MAPCO** ကုမ္ပဏီနှင့် **Myanmar Securities Exchange Center** (**MSEC**) တို့မှ ငွေချေးသက်သေခံစာရင်း(**Securities Account**) ဖွင့်ပေးနေသောကာလအတွင်း စာရင်းမဖွင့်လှစ်နိုင်သည့် အစုရှယ်ယာရှင်များပိုင်ဆိုင်သည့် အစုရှယ်ယာများကို **MAPCO** ၏ အထူးစာရင်း (**Special Account**) တွင် ဆက်လက်ထိန်းသိမ်းပေးထားမည် ဖြစ်ပါသည်။နောင်တစ်ချိန် အစုရှယ်ယာရှင်မှ စာရင်းဖွင့်လှစ်လိုပါက ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ သတ်မှတ်ပြဌာန်းထားသောကုမ္ပဏီ **Fees** နှင့် ကြန့်ကြာချိန်ရှိမည်ဖြစ်ကြောင်းတင်ပြအစီရင်ခံအပ်ပါသည်။

# ဝန်ထမ်းရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ် (Human Resources) အပိုင်းဆောင်ရွက်ထားရှိမှု

**၁။ ဝန်ထမ်းခန့်ထားမှုအခြေအနေ**

လူ့စွမ်းအားအရင်းအမြစ်ဌာန၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလလအထိ ဝန်ထမ်းခန့်ထားမှုအခြေအနေမှာ ရန်ကုန်ရုံးချုပ်နှင့် ကုမ္ပဏီခွဲများ၊ ရုံးခွဲများအားလုံးအပါအဝင် စုစုပေါင်းဝန်ထမ်းဦးရေ (၉၇၀)ဦး ခန့်အပ်ထားပါသည်။

**၂။ လေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု(Training & Development)**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ ဝန်ထမ်းများအား လုပ်ငန်းခွင်စွမ်းအားပြည့်လုပ်ဆောင်နိုင်ရန်အတွက် ဌာနတွင်း (**In House Traning**) (၈)ကြိမ်နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်အတွက် ဌာနပြင်ပြ (**Off the Job Training**) (၁၀)ကြိမ်အား လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖြစ် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | အကြိမ်အရေအတွက် | ဌာနတွင်း (In house Training) | ဌာနပြင်ပ (Off the Job) |
|---|---|---|---|---|
| ၁ | ဌာနဆိုင်ရာနှင့် ရုံးတွင်းစာ စနစ်တကျရေးသားနည်း | ၂ ကြိမ် | ✓ | |
| ၂ | Business Plan ရေးဆွဲနည်း | ၁ ကြိမ် | ✓ | |
| ၃ | Fertilizer အကြောင်းသိကောင်းစရာများ | ၁ ကြိမ် | ✓ | |
| ၄ | သီးနှံအစိုဓါတ်ထိန်းကိရိယာမှန်ကန်စွာသုံးစွဲခြင်း | ၁ ကြိမ် | ✓ | |
| ၅ | ICT ဆိုင်ရာနှင့် ဌာနတွင်း Outlook Mail ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း | ၂ ကြိမ် | ✓ | |
| ၆ | လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အကြောင်း သိကောင်းစရာ | ၁ ကြိမ် | ✓ | |
| ၇ | Financial | ၂ ကြိမ် | | ✓ |
| ၈ | Business Management | ၂ ကြိမ် | | ✓ |
| ၉ | ISO Awareness | ၁ ကြိမ် | | ✓ |
| ၁၀ | Taxation | ၁ ကြိမ် | | ✓ |
| ၁၁ | Office Management | ၁ ကြိမ် | | ✓ |
| ၁၂ | Sales & Marketing | ၁ ကြိမ် | | ✓ |
| | စုစုပေါင်း | | (၈)ကြိမ် | (၁၀) ကြိမ် |

# သီလဝါအကွက်အမှတ်(၂၈) ကာလရှည်ငှားရမ်း စာချုပ်ချုပ်ဆိုခြင်း



သီလဂါအကွက်အမှတ်(၂၈) ကာလရှည်ငှားရမ်းခြင်းအတွက် မြန်မာဆိပ်ကမ်းအာဏာပိုင်နှင့် မြေငှားစာချုပ်/ ပဋိညာဉ်စာချုပ် စာချုပ်ချုပ်ဆိုခြင်းအား မေလ(၂၀.၅.၂၀၁၆)ရက်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၌ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

သီလဂါအကွက်အမှတ်(၂၈) ပူးပေါင်းဆိပ်ခံတံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ **Myanmar Edible Oil Industrial Public Corporation Ltd(MEICO),Myanmar Agribusiness Public Corporation Ltd (MAPCO) and Myanmar General Development Public Ltd (MAGDPL)**တို့ (၃)ဖွဲ့ပူးပေါင်းဆိပ်ခံတံတား မျက်နှာပြင်စာ အလျား(၅၉၀)မီတာ(အများဆုံး)၊ တံတားအကျယ်(၃၀)မီတာ(အနည်းဆုံး)နှင့် ကမ်းထောက်တံတားများ အပါအဝင် ကုန်သေတ္တာများ ကိုင်တွယ် တင်/ချခြင်း အဆင့်အထိ အသုံးပြုနိုင်သော ဆိပ်ကမ်းတစ်ခု (**Integrated Port Terminal**) တည်ဆောက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုထားပြီး ဖြစ်ပါသည်။ ပူးပေါင်းဆိပ်ခံတံတားတည်ဆောက်နိုင်ရန်အတွက် တင်ဒါများခေါ်ယူထားပြီး စနစ်တကျ စိစစ်၍ ကျန်အများပိုင်ကုမ္ပဏီ(၂)ခုနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

# MAPCO အစုရှယ်ယာများ ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် စာရင်းဝင်ရောင်းချမည့်အခြေအနေ

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(**MAPCO**)၏ အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် ရောင်းချနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီရန်ကုန်စတော့အိတ်ချိန်း၏ **Trading** ပုံစံဖြစ်သည့် **Scripless Electronic Trading System** ဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် **MAPCO** အစုရှယ်ယာရှင်များ လက်ဝယ်တွင်ရှိသည့် **MAPCO Official Certificate** များကို ပယ်ဖျက်ရမည် ဖြစ်ပါသည်။

လိုင်စင်ရငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုဖြစ်သည့် **Myanmar Securities Exchange Center** (**MSEC**) တွင် ငွေချေးသက်သေခံစာရင်း (**Securities Account**) ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

**MAPCO** အစုရှယ်ယာရှင်များ၏ ငွေချေးသက်သေခံစာရင်း (**Securities Account**) အတွင်းသို့ အစုရှယ်ယာရှင်များ၏ **Primary Market** တွင် ကနဦးဝယ်ယူမြှုပ်နှံခဲ့သော အစုရှယ်ယာများနှင့် ထပ်မံဝယ်ယူ မြှုပ်နှံခဲ့သည့် **Rights Issue** အစုရှယ်ယာများကို မူလပိုင်ဆိုင်သောအစုရှယ်ယာနှင့် ထပ်မံဝယ်ယူသည့် **Rights Issue Shares** မူလအချိုးအစား အတိုင်းစာရင်းရွှေ့ပြောင်းပေးသွားမည် ဖြစ်ပါသည်။

**MAPCO** အစုရှယ်ယာရှင်များ **Securities Account** ဖွင့်လှစ်ခြင်းကိုသတ်မှတ်ထားသော ရက်များတွင် အဆင်ပြေလွယ်ကူစွာဖွင့်လှစ်နိုင်ရေးအတွက် **MAPCO** ကုမ္ပဏီမှ အသိပေးကြေငြာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များငွေချေးသက်သေခံလက်မှတ်စာရင်း (**Securities Account**) ကိုအဆင်ပြေချောမွေ့စွာဖွင့်လှစ်နိုင်ရေးအတွက် ယူဆောင်လာရမည့် အထောက်အထား စာရွက်စာတမ်းများကို ကြိုတင်အသိပေးအစီရင်ခံအပ်ပါသည်။

## ယူဆောင်လာရမည့် အထောက်အထားများ

၁။ အစုရှယ်ယာရှင်များ လက်ဂယ်ကိုင်ဆောင်ထားသည့် **MAPCO Share Certificates**

၂။ နိုင်ငံသားစိစစ်ရေးကဒ်

၃။ အစုစပ်စာရင်းဖွင့်လှစ်ထားပါကအစုရှယ်ယာရှင်အားလုံး၏ နိုင်ငံသားစိစစ်ရေးကဒ်များ

၄။ ဘဏ်အမည်နှင့်ငွေစာရင်းနံပါတ် ပါရှိသောဘဏ်စာအုပ်

၅။ ကုမ္ပဏီဖြစ်ပါကအခွင့်အာဏာပေးအပ်သောပုဂ္ဂိုလ်နှင့်ယင်းပုဂ္ဂိုလ်၏နိုင်ငံသားစိစစ်ရေးကဒ်

၆။ ကုမ္ပဏီမှတ်ပုံတင်ကဒ်နှင့် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးမှတ်တမ်း

**Yangon Stock Exchange (YSX)** တွင်စာရင်းတင်သွင်းခြင်းအား ဈေးကွက်အခြေနေ နှင့် အခြားပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရမှုအခြေအနေတို့အပေါ်မူတည်၍ ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်နိုင် ရန် စီစဉ်လျှက်ရှိပါသည်။

### ၃။ ထောက်ပံ့ငွေချီးမြှင့်ပေးအပ်ခြင်း (Employee Welfare)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ဝန်ထမ်းများ၏ လုပ်သက်သတ်မှတ်ချက်အလိုက် သာရေး၊ နာရေး ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဝန်ထမ်းသားသမီးများ၏ ပညာသင်စရိတ်ချီးမြှင့်ငွေပေးအပ်ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ထောက်ပံ့မှုအမျိုးအစား | ဝန်ထမ်းဦးရေ | စုစုပေါင်း ထောက်ပံ့/ချီးမြှင့်ငွေပမာဏ |
|---|---|---|---|
| ၁။ | လက်ထပ်ထိမ်းမြားခြင်း | ၁၀ ဦး | ၃၆.၅ သိန်း |
| ၂။ | မီးဖွားခြင်း | ၄ ဦး | ၁၅ သိန်း |
| ၃။ | နာရေးကူညီခြင်း | ၃ ဦး | ၁၁ သိန်း |
| ၄။ | တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ခြင်း | ၂၂ ဦး | ၁၉.၅ သိန်း |
| ၅။ | တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်မှု အပေါ် ထောက်ပံ့ခြင်း | ၁၀ ဦး | ၇.၅ သိန်း |
| | | စုစုပေါင်း | ၈၉.၅ သိန်း |

### ၄။ လူမှုဖူလုံရေးအဖွဲ့သို့ဝင်ရောက်ခြင်း

ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ပတ်သက်သော စောင့်ရှောက်မှု၊ ထောက်ပံ့မှု၊ အကျိုးခံစားခွင့်များ ရရှိရန်အတွက် လူမှုဖူလုံရေး အဖွဲ့သို့အဖွဲ့ဝင်ကုမ္ပဏီအနေဖြင့်ဝင်ရောက်ခဲ့ပြီး မှတ်ပုံတင်ခဲ့ပါသည်။ **MAPCO** (ရုံးချုပ်) ဝန်ထမ်းအင်အား (၁၄၀)ကျော်မှာ လူမှုဖူလုံရေး အဖွဲ့ဝင်အဖြစ်လည်း ဝင်ရောက်ခဲ့ပြီးပါသည်။

လူမှုဖူလုံရေးဝင်ရောက်ခြင်းဖြင့် ရရှိလာမည့် ကျန်းမာရေးနှင့်ပတ်သက်သော အာမခံစနစ်များ၊ ဥပဒေများ၊ အကျိုးခံစားခွင့်များ နှင့်ပတ်သက်သော အကြောင်းအရာများကို **MAPCO** မှ ဝန်ထမ်းများ သိရှိစေရန်အတွက် ဆွေးနွေးပွဲအား ကျင်းပခဲ့ပြီး လူမှုဖူလုံရေးဆိုင်ရာ အသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

### ၅။ စုပေါင်း ခရီးထွက်ခြင်း

တစ်နှစ်တာကာလအတွင်း ဝန်ထမ်းများ၏ စိတ်နှလုံးသာယာပျော်ရွှင်စေရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဝန်ထမ်းများပိုမို စည်းလုံးညီညွတ်စေရန်၊ ဝန်ထမ်းများအားလုံးအတူတကွ ခရီးထွက်ခြင်းဖြင့် ပင်ပန်းနွမ်းနယ်မှုများပြေပျောက်ပြီး အင်အားသစ်များရရှိစေရန် အတွက်ရည်ရွယ်၍ **MAPCO** ရန်ကုန်ရုံး နှင့် နေပြည်တော်ရုံးရှိ ဝန်ထမ်းများကို မော်လမြိုင်၊ ဘားအံခရီးစဉ်အား (၃)ညအိပ်(၄)ရက် အစီအစဉ်ဖြင့် သွားရောက်ခဲ့ပါသည်။



www.mapco.com.mm

**Myanmar Agribusiness Public Corporation Limited (MAPCO)**

**Yangon Office**

No.100, Corner of Wardan Street & Kan Nar Street,
Beside the Concrete Express Way, Wardan Port Area,
Seik Kan (Port) Township, Yangon, Myanmar.
Tel: (+95-1) 2301652~53, 2301825~6
Fax: (+95-1) 2301824
Email: admin@mapco-ygn.com

**Nay Pyi Taw Office**

Plot No.1699, Mezligon Village,
Pyinmana Township, Nay Pyi Taw, Myanmar.
Tel: (+95) 09 421049956, 09 250300917, 09 975706476
09 254286752, 09 976419750